မဏ္ဍလေးရတနာပုံ ရှိတည် နန်းတည်ပဉ္စမသင်္ဂါ
ယနာတင်အသျှင်ဘာဝရှင်မင်းတရားကြီးဘုရားသည်။ဤဘာဝ။
ဤအခါ။ဤသာသနာတော်အတွင်း။ချက်ခြင်းမဂ်နန်း။
တက်မြန်းစိုးယူတော်မူရန်။ရည်သန်ရိုး
ရင်းတော်မူပြီးလျှင်။ရွှေစင်ဘိုးနဂ်။
အမျက်ရတနာ။ခြယ်စီမွံသော။
မဟာရွှေလက်တော်ကိုင်
ပုရပိုက်တွင်ရေးတင်ရှုစားပွါးများဆင်ခြင်တော်မူအပ်သော

# မဟာသိဝပထရှုဘွယ်ကျမ်း။

နှင့်။ၔင်းမဟာသိဝပထ ရှုဘွယ်ကျမ်းတွင်ပါ
သောခက်ခဲနက်နဲသည့်ပရမတ္ထဓမ္မတို့ကို။လွယ်လင့်
တကူကောက်ယူ သိသာ စေနိုင်ရန် ပြု သော။ သလုံးဆရာ
တော်ဘုရားရေးသားစီရင်တော်မူသည့်လက္ခဏာရ
သပစ္စုပဋ္ဌာန်ပဒဋ္ဌာန်အဆုံးအဖြတ်။

---

၁၂၅၅ ခုနှစ်ဒုတိယဝါဆိုလ။

ရန်ကုန်မြို့။

ဟံသာဝတီစာပုံနှိပ်တိုက်။

[illegible]

# ဂြိုဟ်ကမ်ယုဂန္တရသဘပဒေသကျမ်း

[illegible]

[illegible] ၄၄၆၀

[illegible]

[illegible]

pdf creator - Wanna Soe

# နိဒါန်း။

မဟာဂ္ဂတ။လက်လက်ပသော။ အနဂ္ဃရတနာ။အဖြာဖြာတို့
ဖြင့်။ သာယာ တင့်ဆန်း။ ကွန့်ကွန့်ရွန်းသော။ နတ်နန်းသဂ်ဂါ။
ဝတိံသာကဲ့သို့မခြား။ အလားတူစွာ။ရတနာပုံ။ဓေယျုံကြွငှန်း။
ရွှေဥဒုံနန်းကို။ ထူးဆန်းလက်မွန်။ ဘန်ဆင်း တည်ထောင်တော်
မူသောပဉ္စမသဂ်ဂါ ယနာတင်။ အသျှင်ဘဝရှင် မင်းတရားကြီး
ဘုရားသည်။ပြည့်ခွင်ခေမာ။ နိဗ္ဗုတာခန်း။မှာဘက်နန်းသို့။ထွက်
မြန်းစိုးစံတော်မူလိုသောမနောပဏိဓိရှိတော်မူသည့်အခါ။ သိဝ
ပထ။မဂ္ဂလမ်းကြောင်း။ကောင်းစွာညွှန်ကြား၊ရေးသါးတင်သွင်း
တော်မူကြ စေလိုကြောင်း။ တောင်းပန် လျှောက်ထားတော်မူ
သည့်အတိုင်း။ ၃ ပုံသောပိဋကတ်။ အရပ်ရပ်သောဂန္ထန္တရတို့
ကို။ မွှမွှထက်အောက်။ မွှေနှောက် ချောက်ချားစေလျက်။ နူတ်
တက်အာဂုံ။မပြတ်ထုံ၍။စွယ်စုံပြောင်မြောက်။ အခေါင်ပေါက်
သောတံဆိပ်တော်ရဆရာတော်မြတ်တို့သည်။ပြည့်ခွင်အမတ။
နန်းသိဝသို့။ ထွက်ကြွ ရန်ငြမ်း။ မဂ္ဂင် လမ်းကို။ ခွဲခြမ်း နယ။
တက်ရန်ပြ၍။အဝဝအသီးသီး။ကြီးကြီးကျယ်ကျယ်။ အသွယ်
သွယ်အထပ်ထပ်။ အရက်ရက်ဆက်သွင်းကြသည့် ရှုဘွယ်များ
တွင်။အသျှင်ဘဝရှင်မင်းတရားကြီးဘုရား။ ရွှေနှစ်လုံးတော်မြတ်
နှစ်သက်တော်မူရာ။ကောင်းမွှာ ရွေးချယ်တော်မူပြီးလျှင်။ရွှေစင်
ဘိုးနှင်္ဂ။အမျက်ရတနာ။ စီခြယ်မွမ်းသော။ မဟာရွှေသက်တော်
ကိုင် ပုရပိုက်တွင်။ ရေးတင်ရှုစား ပွါးများတော် မူအပ် သော။
မဟာသိဝပထ ရှုဘွယ်ကျမ်းသည်။ သိဝံစံခန်း။နိဗ္ဗာန်နန်းသို့။
ဖြောင့်တန်းစွာကူးမြောက်လိုကြသော သမ္မာဒိဋ္ဌိ။ မနသိကာရ
ရှိသူ။သပ္ပုရိသအပေါင်း။သူတော်ကောင်းတို့။ ကြည့်ရှုပွါးများ။

# နိဒါန်း။

မှတ်သားဘွယ်ရာ။လွန်စွာကောင်းမြတ်လှပါသောကြောင့်။ ၎င်းကျမ်းကို။အစိုးရသိပ္ပံကျောင်းဆရာ။ မောင်အွန်းတင်က။သပ္ပုရိသအပေါင်းသူတော်ကောင်းတို့အကျိုး။ တိုးတက်စေမှု။ကြည့်ရှုမှတ်သား။ ပွါးများတော်မူကြစေရန်။ ပင့်။ရစ်။ကာရန်မှစ၍။ တရံတရာ။ ချွတ်ယွင်းမရှိစေရ။ ကောင်း မွန်စွာတည်းတိုက်ပြင်ဆင်စက်တင်ပုံနှိပ်လုပ်ဆောင်ပါသည်။

သံသရာဝတ်။ မြန်စွာကျွတ်၍။ ထွတ်မြတ်သောမဂ်ကမ်းသို့ ထွက်လှမ်းကြွရောက်တော်မူလိုကြသော သပ္ပုရိသအပေါင်းသူတော်ကောင်းတို့သည်ကောင်းစွာရှုစားပွါးများနိုင်စွ။ အထုံရ၍။ ဤဘဝ။ဤအခါ။ဤသာသနာတော်အတွင်း။ ချက်ခြင်းမျက်မှောက် ထွက်မြောက် နိုင်ရန် မြန်စွာ အားထုတ် တော်မူကြ ပါစေကုန်သတည်း။

# မဟာသီဝပထရှုဘွယ်ကျမ်း။

## နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

သီလံသမာဓိပညဉ္စ။ မဂ္ဂံဗောဓယ ဘာဝယံ။ ပတ္တောသ္မိ ပရမံသုဒ္ဓိံ။နိဟတောတွမသိအန္တက။ ။အန္တက။ ဟာယ်မာရ်ယုတ်။ အဟံ။ ငါဘုရားသည်။ သီလဉ္စ။ဝါစာကမ္မန္တအာဇီဝဟူသောသီလကိုလည်းကောင်း။သမာဓိဉ္စ။ ဝီရိယသတိဧကဂ္ဂတာတည်းဟူသော သမာဓိကိုလည်းကောင်း။ပညဉ္စ။ဒိဋ္ဌိသင်္ကပ္ပဟူသော ပညာကို လည်းကောင်း။ မဂ္ဂံ။အင်္ဂါ၈ပါးရှိသော မဂ်တရားကို။ ဗောဓယ။ ပိုင်းခြား၍ သိခြင်းငှာ။ ဘာဝယံ ဘာဝယန္တော။ပွါးပြီးသည်ဖြစ်၍။ ပရမံ။မွန်မြတ်လှစွာသော။သုဒ္ဓိံ။ နိဗ္ဗါန်သို့။ပတ္တော။ရောက်သည်။အသ္မိ။ဖြစ်ပြီ။အန္တက။ဟာယ်မါရ်ယုတ်။တွံ။သင်မာရ်ယုတ်သည်။ နိဟတောပရာဇိတော။ ရှုံးကြီးရှုံးသည်။အသိ။ဖြစ်ပြီ။

ဤဂါထာ၌လာသော။သီလ။သမာဓိ။ပညာဟူသောတရား၃ပါးတို့တွင်။ သီလံဟူသည်ကား။ လူရှင်ရဟန်းတို့ ကျင့်သုံးဆောက်တည်အပ်သော။ပဉ္စင်္ဂ။ဒသင်္ဂ။ ဥပေါသထသီလ။ စတုပါရိသုဒ္ဓိသီလသည်။ ကာယကံ။ ဝစီကံ။ အသက်မွေးခြင်း တို့ကို။ သုတ်သင်ဖြူစင်စေကြောင်း ဖြစ်သောကြောင့်။ သီလဝိသုဒ္ဓိမည်၏။

• သမာဓိဟူသည်ကား။ ။ပထဝီကသိုဏ်းစသော ၃၈ ပါး။ အပြားလေးဆယ်ကုန်သောအာရုံတို့၌။ ရအပ်သောဥပစာ။အပ္ပနာဟူသောသမာဓိတရားသည်။ သမာဓိမည်၏။ ထိုသမာဓိအများတို့တွင်။ လေ့လာဆောင်ရွက်။ နှစ်သက်ပွါးများအားထုတ်လိုသော ဗုဒ္ဓါ နုဿတိ တရားကို ပွါးများ အား ထုတ် ရမည်

ကား။ ။ဣတိပိ။သောဘဂဝါ။လ။ဗုဒ္ဓေါဘဂဝါ။ ။အရဟံဂုဏ်တော်။ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်။ သုဂတဂုဏ်တော်။ လောကဝိဒူဂုဏ်တော်။ အနုတ္တရဂုဏ်တော်။ပုရိသဒမ္မသာရထိဂုဏ်တော်။တနည်းလည်း။အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်။ သတ္ထာဒေဝမနုဿာနံဂုဏ်တော်။ ဗုဒ္ဓဂုဏ်တော်။ ဘဂဝါဂုဏ်တော်။ ဂုဏ်တော် ၉ ပါး။ ဂုဏ်တော် ၁၀ ပါး။သရုပ်။ ။လူနတ်တို့၏ပူဇော်သက္ကာရအထူးကိုခံတော်မူထိုက်သော အရဟံဂုဏ်တော်။ ဝါသနာနှင့်တကွ ကိလေသာတို့မှ ဝေးတော်မူသော အရဟံဂုဏ်တော်။ တထောင့်ငါးရာကိလေသာဟူသောရန်သူ။သူယုတ်သူပျက်ကို။အရဟတ္တမဂ်။ ထားသန်လျက်ဖြင့်။ ပယ်ဖျက်ချတ်ဖြတ်။အကြွင်းမဲ့သတ်တော်မူတတ်သေါအရဟံဂုဏ်တော်။ဆိတ်ကွယ်ရာအရပ်၌။မကောင်းမှုကို ပြုကျင့်ခြင်းငှာ။ ထိုက်တော်မမူသော။အရဟံဂုဏ်တော်။သင်္ခတ။အသင်္ခတအားဖြင့်ပြားသောခပ်သိမ်းသောတရားအပေါင်းကိုမဘောက်မပြန်။ ဟုတ်မှန်သည့်အတိုင်း။ အလိုလို ထိုးထွင်း၍။ သိတော်မူတတ်သော သမ္မာ သမ္ဗုဒ္ဓ ဂုဏ်တော်။ဝိဇ္ဇာဉာဏ် ၃ ပါး။ ဝိဇ္ဇာဉာဏ် ၈ ပါး။စရဏ ၁၅ ပါးတို့နှင့်ပြည့်စုံတော်မူသောဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်တော်။ အကျိုးရှိသည်။မရှိသည်။သူနာလိုသည်။မနာလိုသည်။ ဟုတ်မှန်သည်။မဟုတ်မှန်သည် အားဖြင့်ပြားသော ခြောက်ခွန်းသော စကားတို့တွင်။ ကျိုးရှိ။ ဟုတ်မှန်။ နှစ်တန်သောစကားကောင်းကိုသာဆိုတော်မူတတ်သောသုဂတဂုဏ်တော်။သတ္တ။သင်္ခါရ။ဩကာသတည်းဟူသောလောက၃ပါးကိုပိုင်းခြား၍ သိတော်မူတတ်သေါလောက ဝိဒူဂုဏ်တော်။ သီလ။ သမာဓိ။ ပညာဝိမုတ္တိ။ဝိမုတ္တိဉာဏဒဿနဂုဏ်တော်။ကျေးဇူးတော်တို့ကြောင့်။ တူသောတစုံတယောက်သော သူရှိတော်မမူသောအနုတ္တရဂုဏ်တော်။တနည်း။ မယဉ်ကျေး မလိမ္မာ။ ပညာ အသိ။ မရှိ ကုန်သော လူယောကျ်ား။နတ်ယောကျ်ား။တိရစ္ဆာန်ယောကျ်ားတို့ကို။အတု

မရှိ။ ယဉ်ကျေးလိမ္မာ။ ပညာအသိ။ ရှိစေခြင်းငှာ။ ဆုမ္မတော်မူ တတ်သော အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော်။ ဇာတိ ကန္တာရ။ ဇရာကန္တာရ။ ဗျာဓိ ကန္တာရ။ မရဏ ကန္တာရ။ တည်း ဟူသော။ ခရီး ခဲ၌။ ကျရောက်သည် ဖြစ်၍။ လွန်မင်းစွာ ပင် ပန်းကြ ကုန် သော။ နတ်နှင့် တကွ သော လူတို့ကို။ ထိုခရီးခဲ မှ။ ထုတ်ဆောင်၍။ နိဗ္ဗာန် တည်း ဟူသော ကျွန်း သောင်ငူသို့။ ပို့ဆောင် ကယ်ယူ တော်မူ တတ် သော လှည်း မှူးနှင့် တူတော် မူသော။ သတ္တာဒေဝမနုဿာနံ ဂုဏ်တော်။ ဒုက္ခ။ သရ ဒယ။ နိရောဓ။မဂ္ဂဟူသော။သစ္စာ ၄ ပါးတရားတို့ကို။ ပိဋ္ဌနုတ္တစသော တဆဲ့ခြောက်ပါးသော အပြားတို့ဖြင့်။ ကိုယ်တော်တိုင် ပိုင်းခြား ၍။သိတော်မူတတ်။ ဝေနေယျတို့အားလည်း ပိုင်းခြား၍ သိစေ တော် မူတတ်သော ဗုဒ္ဓဂုဏ်တော်။ တနည်း။ ခပ်သိမ်းသော တရား တို့ကို။ အနန္တ ဉာဏ်တော်နှင့် ယှဉ်သည်ဖြစ်၍။ ကုန်စင် အောင်သိတော်မူတတ်သောဗုဒ္ဓဂုဏ်တော်။ စိတ်တော်ကိုအစိုး ရတော်မူခြင်းတည်းဟူသော ဣဿရိယဘုန်းတော်။လောကုတ္တ ရာတရား ၉ ပါးနှင့်ပြည့်စုံတော်မူသောဓမ္မဘုန်းတော်။ ဟုတ်မှန် သည့်အတိုင်း။ကျော်စောတော်မူခြင်းတည်းဟူသော။ယသဘုန်း တော်။ သုပ္ပတိဋ္ဌိတပါဒ စသော ၃၂ ပါးသောလက္ခဏာ တော် ကြီး။တမ္ဗနခတုင်္ဂနာသစသော ရှစ်ဆယ်သောလက္ခဏာတော် ငယ်။ ရောင်ခြောက်သွယ်တို့ဖြင့် တင့်တယ်သော အသရေ ရှိ တော်မူသောသိရီဘုန်းတော်။အလိုရှိတော်မူတိုင်းပြီးစီး စေတော် မူနိုင်သော ကာမဘုန်းတော်။ဤ ၆ ပါးတို့၏။ ဆရာဖြစ်ကြောင်း ကောင်းမြတ်သောလုံ့လနှင့်ယှဉ်တော်မူတတ်သောပယတ္တဘုန်း တော်။ ဤသို့သောဘုန်းတော် ၆ ပါးနှင့်ပြည့်စုံတော်မူသော ဘ ဂဝါဂုဏ်တော်။ ဤသို့လျှင် အကျဉ်းအကျယ် အားဖြင့်။ ၉ ပါး သောဂုဏ်တော်။ ၁၀ ပါးသော ဂုဏ်တော်။ ကျေးဇူးတော်တို့ ကို။အကြိမ်ကြိမ်အထပ်ထပ်။ပွါးများဘန်များသဖြင့်ရအပ်သော ပီတိယသုခတိပြဗ္ဗာန်းသောဧကဂ္ဂတာတရားသည်။သမာဓိမည်၏။

ပညာဟူသည်ကား။ ထိုဆိုအပ်ခဲ့ပြီးသော ဘုရားရှင် ဂုဏ်
တော်ကျေးဇူးတော်မြတ်ကို။ မပြတ်အောက်မေ့ ဆင်ခြင်သေ
ကာလ။ ကာမကုသိုလ် ဇောရှစ်ခုတို့တွင်။ တခုခုသည်အာရုံသို့
လိုက်၍။ သောမနဿ။ဥပေက္ခာ။ ဉာဏသမ္ပယုတ်။ အသင်္ခါရိ
ကဇောတို့သည်။ထိုဘုရားဂုဏ်ကိုအာရုံပြု၍။မနောဒွါရာဝဇ္ဇန်း
ပထမဇော။ဒုတိယဇော။လ။သတ္တမဇောဟူ၍။ခုနစ်ကြိမ်။မိမိတို့
၏။ ရှေးရှေးသောမနောဒွါရာဝဇ္ဇန်းစသော စိတ်တို့နှင့်အတူဖြစ်
သော။ ဟဒယဝတ္ထုရုပ်ကိုမှီ၍။ ဖြစ်ကုန်၏။ ထိုနောင်အားကြီး
သောအာရုံဖြစ်မှု။တဒါရုံနှစ်ကြိမ်ဖြစ်ပြီးမှ။ဘဝင်ဖြစ်ထိုက်သနေ
ဖြစ်၏။ ထိုနောင်ထိုဘုရားဂုဏ် ဓမ္မာရုံကိုပင်အာရုံပြု၍။ တဒ
ဝတ္တကမနောဒွါရိကကုသိုလ်ဇောတို့သည်။ အကြိမ်ကြိမ်အထပ်
ထပ်ဖြစ်၍။ ချုပ်လေကုန်၏။ ထိုအခါထိုစိတ်နှင့်သမ္ပယုတ်ဖြစ်
ကုန်သော။ဖဿ။ဝေဒနာ။သညာ။စေတနာစသောသဗ္ဗစိတ္တသာ
ဓါရဏစေတသိက်။ဝိတက်။ဝိစာရ။ပီတိစသော။ပကိဏ်းစေတ
သိက်။ သဒ္ဓါ။သတိစသော။သောဘဏသာဓာရဏစေတသိက်
တို့သည်။ ထိုက်သည့်အားလျော်စွာ။ သမ္ပယုတ်အားဖြင့်။ဧကုပ္ပါ
ဒ။ ဧကနိရောဓ။ ဧကာလမ္ဗဏ။ ဧကဝတ္ထုက။ ဖြစ်၍။သာဖြစ်
ကြကုန်၏။ထိုသို့ဘုရားရှင်ဂုဏ်တော်။ကျေးဇူးတော်တို့ကိုအော
မေ့ဆင်ခြင်သည့်ကာလ။သမ္ပယုတ်တရားသာဖြစ်သည်မဟုတ်
သေး။စိတ္တက္ခဏတိုင်း။ခဏတိုင်း။စက္ခု။ သောတ။ဃာန။ဇိဝှါ။
ကာယ။ဘာဝ။ဒသကဟူသောကမ္မဇရုပ်ကလာပ်တို့သည်လည်း။
ဖြစ်ကုန်၏။ထိုကာမကုသိုလ်ဇောစိတ်ဖြစ်သောကာလ၌။ဥပါဒ်
တိုင်း။ဥပါဒ်တိုင်း။သုဒ္ဓဋ္ဌကကလာပ်စသောစိတ္တဇရုပ်ကလာပ်တို့
သည်ဖြစ်ကြကုန်၏။ ထိုဂုဏ်တော်ကို ပွါးများသောကာလ။ ပူ
သောအခါ။ ဖြေသောအခါတို့၌။ ပွါးများရာ၏။ ထိုပူသော။ဖြေ
သောဗဟိဒ္ဓဥတုကိုရ၍။အဇ္ဈတ္တ၌ဖြစ်သော။ စိတ္တဇရုပ်။ ကမ္မဇ
ရုပ်၌ သဟဇာတ်ဖြစ်သော။ တေဇောဓါတ်သည်။ သုဒ္ဓဋ္ဌကက
လာပ်တို့ကိုဖြစ်စေ၏။ထိုဂုဏ်တော်ကိုပွါးများသောကာလ။စား

သောက်အပ်ပြီးသော။ ဗဟိဒ္ဓဩဇာ အာဟာရသည်။ အဇ္ဈတ္တ၌ ဖြစ်သော။ ထိုစိတ္တဇ။ကမ္မဇ။ ဥတုဇရုပ်တို့ကို။ အာဟာရပစ္စယ သတ္တိဖြင့်။ အားပေးချီးမြှောက်လျက်။ သုဒ္ဓဋ္ဌကစသောအာဟာ ရဇရုပ်ကလာပ်တို့ကိုဖြစ်စေ၏။ ။

ဤသို့လျှင်။ဘုရားရှင်၏။ ဂုဏ်တော်။ကျေးဇူးတော်မြတ်ကို။ အောက်မေ့ ဆင်ခြင်သောကာလ။ ကာမကုသိုလ်ဇောစိတ်။ ထို စိတ်နှင့်တကွဖြစ်သောစေတသိက်။ နာမက္ခန္ဓာတို့နှင့်။တကွဖြစ် သော။ကမ္မဇ။စိတ္တဇ။ဥတုဇ။ အာဟာရဇရုပ်။ဤနာမ်ရုပ်တရား တို့၏။ ဖြစ်ပျက်များကို။လက္ခဏာရသစသည်ဖြင့် ပိုင်းခြား၍ သိ တတ်သော နာမရူပ ပရိစ္ဆေဒ ဉာဏ်စသော ဝိပဿနာ ဉာဏ် သည်။ပညာမည်၏။ ။ဤကား။ဘုရားရှင်၏။ဂုဏ်တော်။ကျေး ဇူးတော်မြတ်တို့ကို။အာရုံပြု၍။ပွါးများသောကာလ။ဖြစ်သင့်ဖြစ် ထိုက်။ ရသင့်။ ရထိုက်သော။ စတုသမုဋ္ဌာနိ ကရုပ်တရားနှင့် တကွ ကာမ ကုသိုလ်ဇော စိတ္တုပ္ပါဒ်တို့၏ ဖြစ်ပျက်ကို ပြသော အကျဉ်းတည်း။ ။

ဤနည်းကိုအမှီပြု၍။ ထိုထိုအာရုံ၌ ဖြစ်ကုန်သော။ နာမ်ရုပ် တရားတို့၏ဖြစ်ပျက်များကို။ သိနားလည်စေရမည်။ ။ထိုထို အာရုံ၌။ စိတ်။ စေတသိက်။စတုသမုဋ္ဌာနိကရုပ်တရားတို့၏။အ ဖြစ်များသည်။အထူးထူးအပြားပြားများသော်လည်း။ ဤအရာ၌ ပြခဲ့ပြီးသော။ဘုရားရှင်ဂုဏ်တော်။ ကျေးဇူးတော်တို့၌။ အာရုံပြု ၍။ဖြစ်သင့်။ဖြစ်ထိုက်။ ရသင့်။ရထိုက်သော ရုပ်နာမ်တရားတို့ ကို။ ဒိဋ္ဌိဝိသုဒ္ဓိအကြောင်း။ နာမရူပပရိစ္ဆေဒ ဉာဏ်ဖြစ်စိမ့်သော ငှါ။ပိုင်းခြား၍။လက္ခဏာ။ရသ။ စသည်တို့ဖြင့်။ ထိုက်သည့်အား လျော်စွာ။အကျဉ်းအားဖြင့်ပြပေအံ့။ ။

ဗုဒ္ဓါနုဿတိ တရားကို ပွါးများ သော ပုဂ္ဂိုလ်အား။ ဘုရား ဂုဏ်တော်ကို အာရုံပြု၍။ ဖြစ်သော။စိတ်။ စေတသိက်တို့နှင့် တကွဖြစ်သော။စတုသမုဋ္ဌာနိက ရုပ်တရား အပေါင်း တို့တွင်။ အတိဋ္ဌာရမ္မဖြစ်သော ဘုရားရှင်၏။ အရဟံစသောဂုဏ်။ဓမ္မာရုံ၌။

ညွတ်သောကာမကုသိုလ်။ သောမနဿ ဉာဏ သမ္ပယုတ်။ အ
သင်္ခါရိက။ သသင်္ခါရိကစိတ်သည်။ ထိုဘုရားရှင်ဂုဏ်။ အာရုံကို
သိခြင်း။ လက္ခဏာ။ အတူတကွဖြစ်ကြသော-ဖဿ- ဝေဒနာ-စ
သောသဟဇာတ်တရားတို့၏ အကြီးအမှူး ဦးစီး ဝန်ကိုင်ဖြစ်၍
ပြဋ္ဌာန်းခြင်းပုဗ္ဗင်္ဂမ။ ရသ။ ထိုသဟဇာတ်တရားတို့၏တည်ရာဟူ
သောပစ္စုပဋ္ဌာန်ရှိ၏။ ။ဓမ္မာလမ္ဗဝိဇာနနဋ္ဌ။ ပုဗ္ဗင်္ဂမမဓိဋ္ဌာနံ။ အာ
ဗာဓဝိသယဋ္ဌေဝ။ စိတ္တဿလက္ခဏာဒိကံ။ ။ဓမ္မာလမ္ဗဝိဇာ
နနဋ္ဌ။ ဘုရားရှင်၏ ဂုဏ်။ ဓမ္မာရုံကိုသိခြင်းသည်ရင်း။ ပုဗ္ဗင်္ဂမဋ္ဌ
ဖဿ။ ဝေဒနာစသောသမ္ပယုတ်တရားတို့၏။ အကြီးအမှူး။ ဦးစီး
ဝန်ကိုင်ဖြစ်၍။ ပြဋ္ဌာန်းခြင်း သည်ရင်း။ အဓိဋ္ဌာနဋ္ဌ။ ထိုဖဿစ
သော သမ္ပယုတ် တရားတို့၏ တည်ရာသည်ရင်း။ အာဗာဓဝိသ
ယဋ္ဌေဝ။ ထင်ခြင်းသို့ရောက်သောထိုဘုရားရှင်၏။ ဂုဏ်။ ဓမ္မာရုံ
သည်ရင်း။ စိတ္တဿ။ သောမနဿ၊ ဉပေက္ခာ။ ၂ ပါးတို့တွင်။ တ
ပါးပါး။ ဉာဏသမ္ပယုတ်။ ဝိပ္ပယုတ် ၂ ပါးတို့တွင်။ တပါးပါး။ အ
သင်္ခါရိက။ သသင်္ခါရိက။ ၂ ပါးတို့တွင်တပါးပါး။ ဖြစ်သင့်ဖြစ်
ထိုက်သောကာမကုသိုလ်စိတ်၏။ လက္ခဏာဒိကံ။ လက္ခဏာ။ ရသ
ပစ္စုပဋ္ဌာန်။ ပဒဋ္ဌာန်မည်၏။ ။ထိုဘုရားရှင်၏ ဂုဏ်တော်ကိုပွါး
သောပုဂ္ဂိုလ်အား။ ယောနိသောမနသိကာရ။ အရင်းရှိသည်ဖြစ်
၍။ ကုသိုလ်ဖြစ်ရကား။ အပြစ်မရှိသော။ ကောင်းသောအကျိုးပေး
ခြင်းလက္ခဏာရှိ၏။ အကုသိုလ်ကိုဖျက်ဆီးခြင်းကိစ္စရှိ၏။ ဖြူစင်
ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ။တနည်းကား။ အပြစ်မ
ရှိခြင်းသာလျှင်လက္ခဏာရှိ၏။ ဖြူစင်သောအဖြစ်လျှင်ကိစ္စရှိ၏။
အလိုရှိအပ်သောအကျိုးလျှင်ထင်သောအခြင်း အရာရှိ၏။ ။
နည်း ၂ ပါး၌ပင်။ ယောနိသော မနသိကာရလျှင်။ နီးစွာသောအ
ကြောင်းရှိ၏။ ။အနဝဇ္ဇသုခဝိပါကဋ္ဌ။ ပါပဝိဒ္ဓံသနဋ္ဌတာ။ ဝေါ
ဒါန်ကာမကုသလံ။ ကမေနလက္ခဏာဒိကံ။ ။အနဝဇ္ဇမေဝဝေါ
ဒါနံ။ ဝေါဒါနံဋ္ဌုမ္မပါကဋ္ဌ။ လက္ခဏာဒိပဒါနန္တု။ ဘာဝေသုမနသိ
ကာရံ။ ။ကာမကုသလံ။ ကာမကုသလဿ။ ကာမကုသိုလ်၏။

အနုဝဇ္ဇသုခဝိပါကဥ္စ။အပြစ်မရှိကောင်းသောအကျိုးသည်လည်း ကောင်း။တထာ။ထိုမှတပါး။ပါပဝိဒ္ဓံသနဥ္စ။အကုသိုလ်ကိုဖျက် ဆီးခြင်းသည်လည်းကောင်း။ဝေါဒါနဥ္စ။ညစ်ကျုမတင်။ဖြူစင်ခြင်း သည်လည်းကောင်း။ကမေန။အစဉ်သဖြင့်။လက္ခဏာဒိကံ။လက္ခ ဏာ။ရသ။ပစ္စုပဋ္ဌာန်မည်၏။ဝါ။တနည်းကား။တဿ။ ထိုကာမ ကုသိုလ်၏။ အနဝဇ္ဇမေဝ။ အပြစ်မရှိခြင်းသည်သာလျှင်လည်း ကောင်း။ ဝေါဒါနဥ္စ။ ဖြူစင်ခြင်း သည်လည်း ကောင်း။ ဣဋ္ဌပါ ကဥ္စ။အလိုရှိအပ်သော အကျိုးသည်လည်းကောင်း။ ကမေန။အ စဉ်သဖြင့်။လက္ခဏာဒိကံ။လက္ခဏာ။ရသ။ပစ္စုပဋ္ဌာန်မည်၏။တ။ နည်း-၂-ပါး၌ပင် အကျုံးဝင်သော ပဒဋ္ဌာန်ကား။ သုမနသိဋ္ဌာနံ။ ကောင်းစွာစိတ်၌ထားခြင်းသည်။ ပဒါနံ။ ပဒဋ္ဌာန်မည်သည်။ဘ ဝေ။ဖြစ်၏။ ။ဓမ္မာရုံ၏လက္ခဏာစသည်ကိုမူကား။ဤသို့သိမ်း ဆည်းရမည်။

မနသိကာဟနနဋ္ဌေဝ။ ဝိညာဏ ဝိသယတ္တနံ။ တဿဂေါစရ ဘာဝဥ္စ။ဓမ္မဿလက္ခဏာဒိကံ။ ။မနသိကာ။ကာမကုသိုလ်မ နောဝိညာဏ်စိတ်၌။ဟာနနဋ္ဌေဝ။ထိခိုက်ခြင်းသည်လည်းကောင်း။ ဝိညာဏဝိသယတ္တနံ။ ထိုမနောဝိညာဏ်၏ အာရုံအဖြစ် သည် လည်းကောင်း။ တဿ။ ထိုကာမကုသိုလ် မနောဝိညာဏ်၏။ ဂေါ စရ ဘာဝဥ္စ။ ကျက် စားရာအာရုံ၏ အဖြစ်သည် လည်း ကောင်း။ ဓမ္မဿ။အသင့်အားဖြင့်။ နှလုံးထား၍။ ယူအပ်သော ဘုရားရှင်၏ ဂုဏ်။ဓမ္မာရုံ၏။ လက္ခဏာဒိကံ။ လက္ခဏာ။ ရသ။ ပစ္စုပဋ္ဌာန်မည်၏။ ။ထိုစိတ်နှင့်သမ္ပယုတ်ဖြစ်ကုန်သော။စေတ သိက်တရားတို့တွင်။ဖဿသည်။ ထိုဘုရားဂုဏ်။ အာရုံကိုတွေ့ ခြင်း လက္ခဏာရှိ၏။ ဤလက္ခဏာဖြင့်။ လက္ခိတဗ္ဗ ဖြစ်သော။ ဖဿဒြပ်ကို။သိမှတ်နိုင်ရမည်။ ။ထိုအာရုံ၌။ထိခိုက်ခြင်းကိစ္စ ရှိ၏။ဤသို့သောကိစ္စဖြင့်။ ကိစ္စဝန္တ ဖဿတရားကို။ ထင်ရှားစွာ သိရမည်။ ။သောမနဿဝေဒနာသည်။ထိုဘုရားဂုဏ်ဟူသော ဓမ္မာရုံကို။နှစ်သက်စုံမက်။ဝမ်းမြောက်သဖြင့်ခံစားခြင်း။ဝေဒယိတ

လက္ခဏာ။ ဥပေက္ခာဝေဒနာဖြစ်မှု။ ထိုဘုရားဂုဏ်။ ဓမ္မာရုံကို လျစ်လျူအားဖြင့်ခံစားခြင်း။ ဝေဒယိတလက္ခဏာ။ ထိုအာရုံကို သုံးဆောင်ပရိဘုတ်ခြင်း။ကိစ္စရှိ၏။ သညာသည်။ ထိုအာရုံကို၊ အခြင်းအရာအားဖြင့်။ မှတ်ခြင်းလက္ခဏာ။နောက်၌အမှတ်အား လျော်စွာ။သိပြန်ခြင်း၏အကြောင်းကို။ပြုခြင်းကိစ္စရှိ၏။ ။စေ တနာသည်။ ထိုအာရုံကို အာရုံပြု၍။ ဖြစ်ကုန်သော သမ္ပယုတ် တရားကို။အာရုံ၌တိုက်တွန်းချီးပင့်။ စြောင့်ကြခြင်းလက္ခဏာ၊ ထိုအမှု၌။အားထုတ်ခြင်းကိစ္စရှိ၏။ ။ဤနည်းကိုမှီး၍။ကြွင်း သော။သမ္ပယုတ္တသာဓာရဏစေတသိက်တို့၏။ လက္ခဏာ။ရသ။ စသည်ကိုသိသဖြင့်။နာမ်တရားကို။ပိုင်းခြားရမည်။ပကိဏ်းစေ တသိက်တို့တွင်။ ဝိတက်သည်။ ထိုဘုရားဂုဏ်ဟူသော ဓမ္မာရုံ ကိုညွတ်သဖြင့်။အာရုံပြုကုန်သောတရားတို့ကို။ မနသိကာရတ ရားက၊ နှလုံးထားသည့်အတိုင်း။ အာရုံသို့ ရှေးရှု တင်ခြင်းလက္ခ ဏာ။ထိုအာရုံကိုထက်ဝန်းကျင်မှ။ ခေါက်ခြင်း။ရှေးရှုခေါက်သ ကဲ့သို့ဖြစ်ခြင်းကိစ္စရှိ၏။ ။ဝိစာရသည်။ဝိတက်တင်အပ် ပြီးဖြစ်သည့်အတိုင်း။ ထိုဘုရားဂုဏ်။ ဓမ္မာရုံကို။ သုံးသပ် ခြင်း လက္ခဏာ။ထိုအာရုံ၌စိတ်ကိုအဘန်တလဲလဲ၊ယှဉ်စေခြင်းကိစ္စရှိ ၏။ ။ပီတိသည်။ ထိုအာရုံပြန့်နှံ့သည်ဖြစ်၍ ဖြစ်ခြင်းလက္ခ ဏာ။ထိုအာရုံ၌။ ပြည့်ဖြိုးခြင်းကိစ္စရှိ၏။ ။သောဘဏ သာ ဓါရဏ။စေတသိက် တို့တွင်။သဒ္ဓါသည်။ထိုဘုရားရှင်၏ဂုဏ်။ ဓမ္မာရုံ၌။ယုံကြည်ခြင်းလက္ခဏာ။ကြည်လင်ခြင်းကိစ္စရှိ၏။ ။ သတိသည်။ထိုအာရုံ၌။ အောက်မေ့ခြင်းလက္ခဏာ။မမေ့မလျော့ ခြင်းကိစ္စရှိ၏။ဤသို့စသည်ဖြင့်။ထိုအာရုံ၌။ရထိုက်သော။သော ဘဏသာဓါရဏစေတသိက်တို့ကို။လက္ခဏာစသည်ဖြင့်။ပိုင်း ခြားမှတ်သား၍။ သိနားလည်ရမည်။ ထိုပြဖြိုးသော ဖဿအစ ရှိသော။စေတောယုတ္တတရားသည်။ စေတသိက်မည်၏။ ထို၏၊ လက္ခဏာစသည်ကား။စိတ်နှင့်ယှဉ်ခြင်းလက္ခဏာရှိ၏။ထိုစိတ် နှင့်မကွေမကွာခြင်းကိစ္စရှိ၏။ ကေပ္ပါဒ။ ကေနိရောဓ ရှသော

ပစ္စုပ္ပန္နာန်ရှိ၏။ ။ဖဿာဒိကော မနော ယုတ္တော။ စေတော
ယုတ္တော၀ လက္ခဏော။ ရသောတဒ္ဓပိနာဘာဝေါ။ ဧကုပ္ပါဒါဒိ
ပဋ္ဌာနော။ ။ဖဿာဒိကော။ဖဿဝေဒနာအစရှိသော။မနော
ယုတ္တော။စေတသိက်၏။ စေတောယုတ္တော၀။ စိတ်နှင့်အညီအ
ညွတ်ယှဉ်ခြင်းသည်သာလျှင်။ လက္ခဏော။ လက္ခဏာမည်၏။
တဒ္ဓပိနာ ဘာဝေါ။ ထိုစိတ်နှင့် မကွေမကွာ။ ဖြစ်ခြင်းသည်။ ရ
သော။ကိစ္စမည်၏။ဧကုပ္ပါဒါဒိ။စိတ်နှင့်တူသောဖြစ်ခြင်း။ စိတ်
နှင့်တူသောချုပ်ခြင်း။ စသည့် သည်။ဥပဋ္ဌာနော။ပစ္စုပ္ပန္နာန်မည်
၏။ ။ဤသို့ဆိုအပ်ခဲ့ပြီးသော။ကုသိုလ်စိတ်။ထိုစိတ်နှင့် သမ္ပ
ယုတ်ဖြစ်ကုန်သော။ဖဿ။ ဝိတက်။ သဒ္ဓါစသော စေတသိက်
တရားတို့သည်။နာမ်မည်ကုန်၏။ ထိုနာမ်သည်။ သာမညအား
ဖြင့်။ဘုရားရှင်၏။ဂုဏ်တော်၌။ ညွတ်ခြင်းလက္ခဏာ။ရှေ့ရှုခြင်း
ကိစ္စ။ကိုင်းရှိုင်းခြင်း။ပစ္စုပ္ပန္နာန်ရှိ၏။ ။နမနလက္ခဏာဠ္ဌေဝ။ရသံ
တဒဘိမုခိစ။တန္နိန္နပစ္စုပ္ပန္နာနံ။ နာမံသာမညတောဘာဝေ။ - ။
နာမံ။ ကုသိုလ်စိတ်။ ထိုစိတ်နှင့်သမ္ပယုတ် ဖြစ်သော။ ဖဿစ
သောစေတသိက်နာမ်သည်။ သာမညတော။ သာမညအားဖြင့်။
နမန လက္ခဏာဠ္ဌေဝ။ ဘုရားရှင်၏ဂုဏ်။ ဓမ္မာရုံသို့။ ညွတ်ခြင်း
လက္ခဏာရှိသည်လည်းကောင်း။တဒ[illegible]ခိ။ ထိုတဒါရုံသို့ရှေ့ရှု
ခြင်းသည်။ရသဉ္စ။ကိစ္စမည်သည်လည်းကောင်း။တန္နိန္နပစ္စုပ္ပဋ္ဌာ
နဉ္စ။ထိုဓမ္မာရုံသို့ညွတ်ခြင်း၊ ကိုင်းခြင်း။ ရှိုင်းခြင်း။ ပစ္စုပ္ပန္နာန်ရှိ
သည်လည်းကောင်း။ဘာ[illegible]ဝ။ဖြစ်၏။ ။နာမံပုဗ္ဗင်္ဂမံဝါထ။ ရူပ
ပုဗ္ဗင်္ဂမံထဝါ။ ။ဟုဆိုအပ်သောကြောင့်။ နာမ်ကိုပြပြီး၍။ထို
နာမ်လျှင်။ ပြဋ္ဌာန်းခြင်းရှိသော ရုပ်ကိုပြအပ်၏။ စတုဇ ရုပ်က
လာပ်တို့တွင်။ ကမ္မဇကလာပ်၌။ စက္ခု။သောတ။ဃာန။ ဇိဝှာ။
ကာယဒသက။ကလာပ်တို့ကို။ပဉ္စဝတ္ထု။ပဉ္စဒွါရဖြစ်၍။ပဉ္စာရုံ။
ပဉ္စဝိညာဏ်တို့ဖြင့်။ ပိုင်းခြား မှတ်သားရမည်။ဝတ္ထုဒသက က
လာပ်ကိုကား။ ထိုဘုရားရှင်၏။ ဂုဏ်တော်ကိုအာရုံပြု၍။ ဖြစ်
သော[illegible]ာမကုသိုလ်သည်။ ဝိညာဏဓါတ် ၇ ပါးတို့တွင်။မနော

ဝိညာဏခတ်ဖြစ်၍။ သုတမယဉာဏ်အားဖြင့်။ ဟဒယဝတ္ထု
ကိုမှီသည်ဟု။သိမှတ်၍။ မှီဟန်များကိုလည်းစဉ်းစားသိမှတ်နိုင်ရ
မည်။ပဉ္စဝေါကာရဘုံ၌။ ဝိညာဏခါတ်တို့သည်။ဝတ္ထုရုပ်ကိုမ
မှီမူ၍။မဖြစ်။မှီ၍သာလျှင်ဖြစ်ရကား။ဤဘုရားဂုဏ်လျှင်အာရုံရှိ
သော။ကာမကုသိုလ်မနောဝိညာဏဓာတ်သည်။ဟဒယဝတ္ထုရုပ်
ကိုကောန်မှီ၍ဖြစ်၏။ ။ကိဉ္စိဝမ္ဗံ ဝိစ္ဆေန္တဿ။ဟဒယဿဝိဇ္ဇန
တော။တမဝဋ္ဋိတန္တိ ဝိညာဏယတိ။ ။ဟုဆိုသောကြောင့်။တရုံ
တခဲခက်သောအရာကို။ ကြံစည်အောံမေ့သောသူအား။ နှလုံး
ပူပန်ခြင်း ဖြစ်သည်ကို ထောက်၍။ ဟဒယဝတ္ထု ရုပ်ကလာပ်
သည်။ဘုရားဂုဏ်လျှင်အာရုံရှိသောကာမကုသိုလ်မနောဝိညာဏ
ဓာတ်၏ မှီရာလက္ခဏာရှိ၏။ ထိုဝိညာဏဓာတ်၏ တည်ရာဟူ
သောကိစ္စရှိ၏။ဤသို့ထင်ရှားစွာပိုင်းခြား၍။ မှတ်သားနားလည်
ရမည်။ ။နိဿယလက္ခဏံဝတ္ထု။အာဓာရကရသန္တိဿ။ဥဗ္ဗာ
ဟနန္တံ ပြဋ္ဌာနံ။ ဘူတမာသန္နနိဒါနံ။ ။ဝတ္ထု။ဥပါဒါရုပ် ဖြစ်
သောဟဒယ ဝတ္ထုရုပ်သည်။ တဿ။ ထိုကာမ ကုသိုလ်မနော
ဝိညာဏဓာတ်၏။ နိဿယလက္ခဏံ။မှီရာဟူသောလက္ခဏာရှိ
၏။အာဓာရကရသံ။တည်ရာ ဟူသောကိစ္စရှိ၏။ ဥဗ္ဗာ ဟနံ။
ဥက္ကောင်းဖြင့်။ပခုံးဖြင့်ဝန်ကိုဆောင်သကဲ့သို့၊ ရွက်ဆောင်ခြင်း
သည်။ဥပဋ္ဌာနံ။ပစ္စုပဋ္ဌာန်မည်၏။ဘူတံ။ပထဝီအာပေါ။စသောဘူ
တရုပ်သည်။အာသန္နနိဒါနံ။ပဒဋ္ဌာန်မည်၏။

ဘာဝဒသက။ကလာပ်ရုပ်သည်။ကိုဂုဏ်ကိုအာရုံပြု၍။ကာ
မကုသိုလ် ဖြစ်ဆဲကာလ။ ခဏတိုင်း ခဏတိုင်းရှိသော။ လိင်္ဂနိ
မိတ္တ။ကုတ္တာကပ္ပ။ စသည်၏အကြောင်းဖြစ်ရကား။ ဣတ္ထိဘာဝ
လက္ခဏာ။ ပုမ္ဘာဝလက္ခဏာ။ မိန်းမ ယောကျ်ားဟု။ ထင်ရှားပြု
ခြင်းကိစ္စရှိ၏။လိင်္ဂနိမိတ္တ။ကုတ္တာကပ္ပတို့၏အကြောင်းဟူသော
ပစ္စုပဋ္ဌာန်ရှိ၏။ဤသို့ထင်စွာပိုင်းဖြတ်။သိမှတ်နိုင် ရမည်။ ။ထို့
ဝတ္ထုဒသက။ ဘာဝဒသကတို့၌။အကျုံးဝင်သော။ ဝဏ္ဏ။ဂန္ဓ။ရ
သ။ဩဇာ။ဇီဝိတိန္ဒြေ။မဟာဘူတ်တို့ကို။ပိုင်းခြား၍ဆိုလျှင်။သိ

ခက်မည်ကြောင့်။မဆိုပြီ။ ။ ။စိတ္တဇရုပ်ဖြစ်ဟန်ကား။ထိုဘုရား ဂုဏ်လျှင်အာရုံရှိသော။ ကာမကုသိုလ်၊ ပဌမဇော စသောစိတ်တို့၏။ ဥပါဒ်တိုင်း ဥပါဒ်တိုင်း။ စိတ္တဇရုပ်ကို ဖြစ်စေ ရကား။ ဝိညတ်ကို ထောက်၍ ၎င်း။ ဣရိယာပုထ်ကို ထောက်၍ ၎င်း။ အဋ္ဌကလာပ်။ ဝိညတ္တိကလာပ်။ လဟုတာ ဒေကာဒသကရုပ်စသည်များကိုပိုင်းခြား၍ သိနိုင်ရမည်။ကိုယ်တုန်လှုပ်ခြင်းကာယစောပနကို။ ထောက်၍ ။ကာယဝိညတ်နှင့်တကွ အဋ္ဌ ကလာပ်သည်။ ကာယဝိညတ္တိနဝကကလာပ်ရုပ်မည်၏။ကိုယ်တုန်လှုပ်ခြင်းကာယဝိကာရလက္ခဏာ။ကိုယ်ဖြင့်အလိုကိုပြခြင်း။အဓိပ္ပါယပကာသနကိစ္စရှိ၏။နှုတ်မြွက်ခြင်းအသံဖြစ်သည်ကိုထောက်၍၊ ဝစီဝိညတ်သဒ္ဒနှင့် တကွဲအဋ္ဌ ကလာပ်သည်။ ဝစီဝိညတ္တိဒသကရုပ်ကလာပ်မည်၏။ နှုတ်မြွက်ခြင်းဝိကာရ လက္ခဏာ။ နှုတ်ဖြင့်အလိုကိုပြခြင်းကိစ္စရှိ၏။သပ္ပါယဖြစ်သော။ဥတု။ ဘောဇဉ်။ကျောင်း။အိပ်ရာ။နေရာတို့ကိုရသော။လဟုတာစသော ရုပ်သုံးခုနှင့်တကွ။ ပြအပ်ပြီးသောအဋ္ဌကလာပ်သည်။ လဟုတာဒေကာဒသက ကလာပ်ရုပ်မည်၏။ ဤလဟုတာ။မုဒုတာ။ ကမ္မညတာ။ ရုပ်သုံးခုတို့သည်။ အစဉ်အတိုင်း။ပေါ့ပါးခြင်းလက္ခဏာ။ မကြမ်းတမ်းခြင်းလက္ခဏာ။ အမှု၌စွမ်းနိုင်ခြင်း လက္ခဏာရှိကုန်၏။လေးလံခြင်း။ ကြမ်းတမ်းခြင်း။ အမှု၌ မစွမ်းနိုင်ခြင်း တို့ကို။ ပျောက်ခြင်းကိစ္စရှိကုန်၏။ထိုဆိုခဲ့ပြီးသောစိတ္တဇရုပ်တို့၏။ပြခဲ့တိုင်းသောလက္ခဏာကို။ထင်မြင်။ကိုယ်နှုတ်ဘော်ပြန်ခြင်းမရှိ ပေါ့ပါးနူးညံ့။ အမှု၌ခံ့ခြင်းလက္ခဏာတို့မှကင်း၍။ဘုရားဂုဏ် ကိုသာတဖြောင့်တည်းနှလုံးထား၍။ ပွါးများအောက်မေ့ဆင်ခြင် သောကာလ။အဋ္ဌကလာပ်ရုပ်ကိုဖြစ်စေ၏။ ထိုအဋ္ဌကလာပ်တို့ ၏။ အသီးအသီးလက္ခဏာစသည်တို့ကို။ ပိုင်းခြားအကျယ်ဆိုလျှင်။ရှုပ်ထွေးသိခက်မည်ကြောင့်မဆိုပြီ။အကျဉ်းအားဖြင့်။ ထိုအဋ္ဌကလာပ်သည်ဘောက်ပြန်ခြင်းရုပ္ပနဟူသောသာမညလက္ခဏာ။ဖွရိုဖရဲမကြံသော်လည်း။ကြံသကဲ့သို့။ ဖြစ်ခြင်းဝိကာရဏ

ရသ။ ကြောင့်ကြဗျာပါရမရှိခြင်း အဗျာပါရပစ္စုပဋ္ဌာန်ရှိ၍ဟု၊
ပိုင်းခြားသိမှတ်နိုင်ရမည်။ ။ရုပ္ပတီတိဘဝေရူပံ။ရုပ္ပနလက္ခဏံ
ဟိတံ။ဝိကိရဏရသဠ္ဌဝ။အဗျာကတန္တိဂယှတိ။ ။ယံဓမ္မဇာ
တံ။အကြင်တရားသဘောသည်။ ရုပ္ပတိ။အချမ်းအပူတို့ကြောင့်
ဖောက်ပြန်တတ်၏။ ဣတိတသ္မာ။ ထိုသို့အချမ်းအပူတို့ကြောင့်
ဖောက်ပြန်တတ်သောသတ္တိကြောင့်။တံဓမ္မဇာတံ။ထိုတရားသ
ဘောသည်။ရူပံ။ရုပ်မည်သည်။ဘဝေ။ဖြစ်၏။ဟိသစ္စံ။ထိုစကား
သည်မှန်၏။တံရူပံ။ထိုရုပ်သည်။ရုပ္ပနလက္ခဏံ။ဖောက်ပြန်ခြင်း
လက္ခဏာရှိ၏။ ဝိကိရဏ ရသဠ္ဌဝ။ ဖရိုဖရဲ မကြဲသော်လည်း
ကြဲသကဲ့သို့ဖြစ်ခြင်းကိစ္စရှိ၏။အဗျာကတန္တိ။ ကြောင့်ကြဗျာပါ
ရမရှိဟူ၍လည်း။ဂယှတိ။ ပစ္စုပဋ္ဌာန်အဖြစ်ဖြင့်ယူအပ်၏။ ။
ဥတုဇရုပ်။ အာဟာရ ဇရုပ်တို့၏ ဖြစ်ခြင်းကိုလည်း။ အကျဉ်း
အားဖြင့်ဤသို့သိမှတ်ရမည်။ထိုဘုရားဂုဏ်လျှင်အာရုံရှိသောကာ
မဝုာသိုလ်ဖြစ်သော ကာလ။ အချမ်းအပူ ဟူသော ဗဟိဒ္ဓ ဥတု
ကြောင့်။ အဇ္ဈတ္တဖြစ်သော။ကမ္မဇ။ စိတ္တဇ ရုပ်တို့၌။အကျုံးဝင်
သောတေဇောသည်။ဌီ ကာလ၌။ဥတုဇအဋ္ဌကလာပ်ကိုဖြစ်စေ
၏။ ထိုဆိုပြီးသောဂုဏ်လျှင်အာရုံရှိသော။ ကာမကုသိုလ်ဖြစ်
သောကာလ။စားပြီးသောအစာဟူသောဗဟိဒ္ဓဩဇာအာဟာရ
သည်။အဇ္ဈတ္တ၌ဖြစ်သေါ။ထိုတိဇရုပ်၌အကျုံးဝင်သော။ဩဇါနှင့်
ပေါင်းမိ၍။ဌီ ကာလ၌။အာဟာရဇအဋ္ဌကလာပ်ကိုဖြစ်စေ၏။
ထိုဥတုဇ။အာဟာရဇ အဋ္ဌကလာပ်ရုပ်တို့ကို။ယခင်စိတ္တဇ က
လာပ်ရုပ်နည်းဖြင့်။ ဖောက်ပြန်ခြင်းရုပ္ပနဟူသော။ သာမညလက္ခ
ဏာစသည်တို့ဖြင့်။ ပိုင်းခြားသိမှတ်ရမည်။ ဤသို့လျှင်အရဟံအ
စရှိသောဘုရားရှင်၏ ဂုဏ်တော်ကို အာရုံပြု၍။ ပွါးများသော
ကာလ၊ ဖြစ်သင့်သောကာမကုသိုလ်စိတ်၊ စေတသိက်၊စတုသ
ရဋ္ဌာနိကရုပ်တို့၏။ လက္ခဏာ စသည်ကိုပိုင်းခြား သိမှတ်ခြင်း
သည်။ဒိဋ္ဌိဝိသုဒ္ဓိအကြောင်း။နာမရူပပရိစ္ဆေဒဉာဏ်မည်၏။ ။
ဤသို့နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်ပြီးမှ။ထိုဘုရားဂုဏ်ကိုရှုါးသေါ

ကာလ။ငါ၏သန္တာန်၌။ ဤနာမ်။ဤရုပ်သာရှိ၏။ ။နာမ ရူပ
တော့အညောပုဂ္ဂလော။ဒေဝေါ ဝါ ဗြဟ္မာ ဝါ နတ္ထိ။ ။ဤနာမ်ရုပ်
မှတပါး။ပုဂ္ဂိုလ်သတ္တဝါ။ ငါ။ သူတပါး။ယောကျ်ား။မိန်းမ။နတ်။
ဗြဟ္မာဟူ၍မရှိ။ဤနာမ်ရုပ်သည်။ နိဿတ္တ။နိဇ္ဇီဝ သဘောသာ
ဖြစ်သည်။ ဤသို့ သော သဘောကို ဟုတ်မှန်စွာ။ ဉာဏ်ပညာ
မျက်စိဖြင့်။ တပ်တပ် ထင်ထင်။ မမြင် မသိမှု၍။ တဏှာမာန။
သက္ကာယဒိဋ္ဌိဖြင့်။ရုပ်အတ္တတောသမနုပဿတိအစရှိသောနည်း
အတိုင်း။သက္ကာယဒိဋ္ဌိပွါး၍။ သံသရာရှည်လျားသည်။ ပုဂ္ဂိုလ်။
သတ္တဝါ။ငါ။သူတပါး။ယောကျ်ား။မိန်းမဟူ။အထင်အမှတ်။အား
ကြီးလှ၍။ဖျက်ဆီးခြင်းငှါမတတ်နိုင်သည်။စင်စစ်အားဖြင့်ကား။
ပုဂ္ဂိုလ်သတ္တဝါမရှိ။နာမ်ရုပ်တရားသာရှိသည်။ ရှိသောနာမ်ရုပ်
တရားသည်လည်း။နိဿတ္တ။ နိဇ္ဇီဝဖြစ်၍။ပုဂ္ဂိုလ်သတ္တဝါမဟုတ်
ဟု။မှတ်နိုင်။ ထင်နိုင်။မြင်နိုင်၍။သက္ကာယဒိဋ္ဌိပျောက်ခြင်းသည်။
ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ ။ဤသို့။သီလ။စိတ္တ။ဒိဋ္ဌိ။ဝိသုဒ္ဓိ ဖြစ်ပြီး၍။
ထိုဘုရားဂုဏ်လျှင် အာရုံရှိသော ကာမကုသိုလ် ဇောဖြစ် သော
ကာလ။ ရသင့်။ရထိုက်။ ဖြစ်သင့်။ ဖြစ်ထိုက်သော။စိတ်။စေတ
သိက်။ရုပ်တရားတို့ကို။ခန္ဓာ။အာယတန။ဓါတ်။သစ္စာ။စသည်တို့
ဖြင့်။ ဘွဲ့စည်း။ ပိုင်းခြား။ သိနားလည် [illegible]သောငှာ။ အစီအရင်
များပြားသော်လည်း။တစိတ်[illegible]ဒေသ။ အကျဉ်းအားဖြင့်။ ခန္ဓာ
မျှကိုဘွဲ့ပြမှုကား။ထိုဘုရားရှင်၏ဂုဏ်လျှင်အာရုံရှိသော။ ကာမ
ကုသိုလ်။ သောမနဿ။ ဉာဏသမ္ပယုတ်စိတ်သည်။ဖြစ်စေအပ်
သောစိတ္တဇရုပ်။ ထိုစိတ်၏။ ခဏတိုင်း ခဏတိုင်း ဖြစ်သော။
စက္ခု။လ။ ဟဒယ။ ဘာဝရုပ်ဟူသော ကမ္မဇရုပ်။ ထိုကာလ၌ဖြစ်
သော ဥတုဇ။အာဟာရဇရုပ်။ဤစတုသမုဋ္ဌာနိကရုပ်အပေါင်းတို့
သည်။အတိတ်။အနာဂတ်။ ပစ္စုပ္ပန်။သုခုမ။ ဩဠာရိက။ စသော
အပြားတို့၏အပေါင်းဖြစ်ရကား။ရူပက္ခန္ဓာမည်၏။ ထိုကုသိုလ်
စိတ်နှင့်သမ္ပယုတ်ဖြစ်သော။ခံစားခြင်းလက္ခဏာရှိသော။ သော
မနဿဝေဒနာသည်။ရူပက္ခန္ဓာနှင့်အတူ။ဝေဒနာက္ခန္ဓာ မည်၏။

အခြင်းအရာအာကာရကိုသိမှတ်ခြင်းလက္ခဏာရှိသော။ သညာ
သည်။ထိုအတူသညာက္ခန္ဓာမည်၏။ ။တိုက်တွန်း နှိုးဆော်
ချီးမြှင့်ခြင်းလက္ခဏာ ရှိသော။ စေတနာနှင့်တကွ။ဖဿစသော
စေတသိက်တရား အပေါင်းတို့သည်။ ထို့အတူ သင်္ခါရက္ခန္ဓာ
မည်၏။ ။ထိုဘုရားဂုဏ်လျှင် အာရုံရှိသော။ ကာမကုသိုလ်
သောမနဿဉာဏသမ္ပယုတ်။အသင်္ခါရိကဇောစိတ်သည်။ ထို
အတူဝိညာဏက္ခန္ဓာမည်၏။ဤသို့ခန္ဓာငါးပါးဖြစ်၏။ ။အာ
ယတနစသည်များကိုလည်း။ဘွဲ့စည်းပိုင်းခြားမှတ်သားရမည်။ ။
ဤသို့။ ဘုရားဂုဏ်လျှင် အာရုံရှိသော။ ကာမကုသိုလ်ဖြစ်သော
ကာလ။ရသင့်သောခန္ဓာ။အာယတန။ စသည်တို့သည်။ ပစ္စုပ္ပန်
ဖြစ်ဆဲ တရား မည် ကုန်၏။ ထိုတရား တို့မှ တခြား။ ပုဂ္ဂိုလ်။
သတ္တဝါ။ ငါ။သူတပါး ဟု။ ထင်ရှား မရှိ။ ထင်ရှား မရှိသော
ပစ္စုပ္ပန်ရုပ်နာမ်တရားတို့လည်း။ငါ။သူတပါး။ ယောကျ်ားမိန်းမ
မဟုတ်။ထိုပစ္စုပ္ပန်။ ရုပ်နာမ် တရားတို့သည်။အကြောင်းတရား
ကြောင့်ဖြစ်ကုန်၏။ပဋိသန္ဓေအခါ၊ နာမ်ရုပ်-၂-ပါးတို့သည်။ အ
ဝိဇ္ဇာ။တဏှာ။ ဥပါဒါန်။ ကံ။ ဟူသောအကြောင်းတို့ကြောင့်ဖြစ်
ကုန်၏။ပဝတ္တိအခါ။ရုပ်သည်။ကံ။စိတ်။ဥတု။အာဟာရ ကြောင့်
ဖြစ်၏။နာမ်သည်။ စက္ခုပသာဒ။ ရူပါရုံစသော။မှီရာအာရုံတို့
ကြောင့်ဖြစ်၏။အထူးအားဖြင့်ကား။ကုသိုလ်ဖြစ်မှု။ယောနိသော
မနသိကာရ။ စတုစက္ကသမ္ပတ္တိ တို့ကြောင့် ဖြစ်၏။ အကုသိုလ်
ဖြစ်မှု။ ထိုမှပြန်သော အကြောင်း တို့ကြောင့်ဖြစ်၏။ ဤအရာ၌
ကား။ဘုရားဂုဏ်လျှင်အာရုံရှိသော။ ကာမ ကုသိုလ်စိတ်သည်။
ယောနိသောမနသိကာရ။စတုစက္ကံသမ္ပတ္တိကြောင့်ဖြစ်၏။ ဟဒ
ယဝတ္ထု။ဘုရားဂုဏ်ဟူသော။ မှီရာအာရုံတို့ကြောင့်လည်း ဖြစ်
၏။ ။ယောနိသောမနသိကာရ။စက္ကသမ္ပတ္တိတော တထာ။
ဟဒယဝတ္ထုတောစာပိ။ဓမ္မာရမ္မဏတောဗိဝါ။ ။ဥပ္ပဇ္ဇတိကာ
မကုသလံ။ နာညတော ဟိတိဉာယတိ။ ။ကာမကုသလံ။သော
မနဿ။ ဉာဏ သမ္ပယုတ်အသင်္ခါရိက။ သသင်္ခါရိက။ ကာမ

ကုသိုလ်စိတ်သည်။ ပေါ်နိုင်သော မနသိ ကာရ စက္ကု သမ္ပတ္တိ တော။ အသင့်နှုလုံးသွင်းခြင်း။ စတုစက်နှင့် ပြည့်ရုံခြင်းကြောင့် ၎င်း။ဟာဒယဝတ္ထုတောစာပိ။ မှီရာဟာဒယဝတ္ထုကြောင့်၎င်း။ဓမ္မာ ရမ္မဏာတောပိဝါ။ ဘုရားရှင်၏ဂုဏ် ဓမ္မာရုံကြောင့်၎င်း။ ဥပ္ပဇ္ဇတိ။ဖြစ်၏။ဟိ။ ဗျတိရိက်ကား။ အညတော။ ထိုမှတပါး အခြား သောအကြောင်းတို့ကြောင့်။ ဝါ။ ဗာဟိရကဖြစ်သော ခန္ဓာအာ ရှင် ဖြပ္ပာ ဗိသနိုးစသောမိစ္ဆာ အကြောင်းတို့ကြောင့်။ နဥပ္ပဇ္ဇ တိ။မဖြစ်။ဣတိ။ဤသို့။ ဥာယတိ။ သိအပ်၏။ ။စတုဇရုပ်မှု ကား။ကံ။ စိတ်။ ဥတု။ အာဟာရ ဟူသော အကြောင်းတရား ၄ ပါးကြောင့်ဖြစ်၏။ ။ကမ္မ စိတ္တုတာဟာရေဟိ။ဘဝေစတု ဇရူပကံ။ ကမ္မ အတီတမေဝါထ။ စိတ္တ နုကုသလံဣုဓ။ ဥတာ ဟာရောတုရချတော။မတောတက္ကာလနိသိတော။ ။စတုဇ ရူပကံ။လေးပါးသောအကြောင်းတို့ကြောင့် ဖြစ်သောရုပ်သည်။ ကမ္မစိတ္တုတာဟာရေဟိ။ ကံ။စိတ်။ဥတု။ အာဟာရတို့ကြောင့်။ ဘဝေ။ဖြစ်၏။ကမ္မံ။ ကံသည်။ အတီတမေဝ။ အတိတ်ကာလ၌ သာဖြစ်၏။အထ။ထိုမှတပါး။စိတ္တ နု။ စိတ်သည်ကား။ဣုဓ။ဤ ဘုရားဂုဏ်ကိုပွါးရာ၌။ကုသလံ။ကုသိုလ်စိတ်တည်း။ ဥတာဟာ ရောတု။ဥတု။အာဟာရမူကား။ မုချ မုချအားဖြင့်။တက္ကာ လနိသိတော။ထိုဘုရားဂုဏ်ကိုပွါးသောကာလကိုမှီလျက်ဖြစ် ၏ဟူ၍။မတော။သိအပ်၏။

ဤသို့နာမ်ရုပ်တို့၏ဖြစ်ကြောင်းကို။ တပ်တပ်ထင်ထင် မြင် ၍။ ဤနာမ်ရုပ်တို့သည်။ ဖြပ္ပာ။ ဗိသနိုး စသော တန်းကြီး သောနတ်တို့ကြောင့်၊ ဖြစ်သည်မဟုတ်။ အကြောင်း မရှိသည် လည်းမဟုတ်။ ယခင်ဆိုခဲ့ပြီးသော အကြောင်း တို့ကြောင့်သာ ဖြစ်၏ဟုအကြောင်းကိုသိမ်းဆည်းရမည်။ဤသို့ပစ္စုပ္ပန်ရုပ်နာမ် ၏အကြောင်းကိုမြင်လျှင်။ ။ယထာယိဒံနာမရူပံ။ပစ္စယတော ပဝတ္တတိ။ဧဝံတီတေပိနာဂတေ။အဘိဝိဏ္ဏာဘိဝိသတိ။ ။ဟူ ကာလ၃-ပါး၌ပင်မြင်တော့သည်။ ။ဣုဒံနာမရူပံ။ဤပစ္စုပ္ပန်

နာမ်ရုပ်နှစ်ပါးသည်။ ပစ္စယတော။ အဝိဇ္ဇာ။ တဏှာ။ ဥပါဒါန်။ ကံ။ အာဟာရ။ မနသိကာရစသောအကြောင်းကြောင့်။ ပဝတ္တတိ ယထာ။ ယခုဖြစ်၍ နေသကဲ့သို့။ ဧဝံတထာ။ ထို့အတူ။ အတီတေ ပိအနမတဂ္ဂေ၊ ရှေးကါလ၌လည်း၊ ပစ္စယတော၊ ကြောင့် အဘဝိတ္တ၊ ဖြစ်ဘူးဖူလေပြီ။ အနာဂတေပိ။ မရောက်သေးရ။ နောက်ကာလ၌လည်း။ ပစ္စယတော။ ကြောင့်။ ဘဝိဿတိ။ ဖြစ်ရလေသေးလတ္တံ့။ ။ဤသို့မြင်သောအခါ။ သဿတဒိဋ္ဌိအခြင်းအရာ။ ဥစ္ဆေဒဒိဋ္ဌိအခြင်းအရာ။ စသည်ကိုမှီ၍ဖြစ်သော။ ငါသည်။ ရှေးကာလ၌ ဖြစ်ဘူးလေပြီလော။ အဘယ်သို့သော အခြင်းအရာအားဖြင့်ဖြစ်ဘူးလေသနည်းဟူ၍ ၎င်း။ ငါသည်နောင်ကာလ၌။ ဖြစ်ရလတ္တံ့လော။ အဘယ်သို့သောအခြင်းအရာဖြင့်ဖြစ်ရလတ္တံ့နည်းဟူ၍ ၎င်း။ ဤသို့စသည်ဖြင့်။ ဖြစ်သောယုံမှားခြင်းမရှိရာပြီ။ မရှိသင့်မရှိကောင်းပြီ။ ဤသို့နာမ်ရုပ်၏အကြောင်းကိုသိမ်းဆည်းလျက်။ ကာလသုံးပါး၌။ ယုံမှားခြင်းကိုလွန်၍တည်သောဉာဏ်သည်။ ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။ ။ထိုမှနောက်၌။ ထိုသို့သောအခြင်းအရာအားဖြင့်။ သိမ်းဆည်းအပ်ကုန်ပြီးသော။ မိမိ။ မိမိတို့၏။ လက္ခဏာစသည်ဖြင့်။ ပိုင်းခြားအပ်ကုန်ပြီးသော။ ထိုဘုရားဂုဏ်လျှင်။ အာရုံရှိကုန်သော။ အတိတ်စသော အားဖြင့်ပြားကုန်သော။ ခန္ဓာစသောနည်းအားဖြင့်။ အကျဉ်းချုံး၍။ အတိတ်ဖြစ်သောရုပ်သည်။ အတိတ်ကာလ၌ပင်ချုပ်လေပြီ။ အနာဂတ်၌ဖြစ်လတ္တံ့သောရုပ်သည်လည်း။ အနာဂတ်၌ ပင်ချုပ်လတ္တံ့။ ပစ္စုပ္ပန်၌ဖြစ်သောရုပ်သည်လည်း။ အနာဂတ်သို့မရောက်။ ဤပစ္စုပ္ပန်၌ပင်ချုပ်၏။ ထိုအတူ။ အဇ္ဈတ္တစသည်တို့၌ ဖြစ်ကုန်သော ရုပ်တို့သည်လည်း။ အဇ္ဈတ္တစသည်၌ပင်ချုပ်ကုန်၏ဟုနှလုံးထား၍။ ရုပ်သည်ဖြစ်၍ ပြီးလျှင်ပျက်စီးတတ်သောကြောင့်အနိစ္စ။ ဖြစ်ခြင်းပျက်ခြင်းဖြင့်မပြတ်နှိပ်စက်တတ်သော ကြောင့် ဒုက္ခ။ အလိုသို့ မလိုက်တတ်သောကြောင့်အနတ္တ။ ထို့အတူဝေဒနာစသည်တို့၌လည်း။ အနိစ္စ။ ဒုက္ခ။ အနတ္တဟု။ နှလုံးထား၍။ ။ရုပံအနိစ္စံ ဒုက္ခံ အနတ္တာ။

။လ။ ဝိညာဏံအနိစ္စံ ။ဒုက္ခံ ။အနတ္တာ။ဟူ၍ ၎င်း။ ။ပဉ္စက္ခန္ဓာအနိစ္စာ။ဒုက္ခာ။အနတ္တာဟူ၍ ၎င်း။အကြိမ်ကြိမ်အဘန်ဘန်။ အတန်တန်။ အထပ်ထပ်။ ပွါးများသုံးသပ်ခြင်းသည်။ သမ္မသနဉာဏ်မည်၏။ ဤသို့သုံးသပ်အပ်သောသမ္မသနဉာဏ်။စွမ်းသန် ထက်မြက်။ အားအဆင့်တက်၍။ အထက်ဉာဏ်တို့ကို ပွါးလွယ်စေခြင်းငှါ။ ။အနိစ္စတော။ ဒုက္ခတော။ ရောဂတော။စသောလေးဆယ်သောဘာဝနာနည်းတို့ဖြင့်။ ရှုဆင်ခြင်ခြင်းတို့သည်။ အနုလောမခန္တိ ဉာဏ်ကိုရနိုင်စေ၏။ ထိုခန္ဓာ၏ အကြွင်းမဲ့ ချုပ်ခြင်းသည်အနိစ္စ၊ နိဗ္ဗာန်တည်းဟုမြင်ခြင်းသည်။သမ္မတ္တနိယာမသို့သက်သည်မည်၏။

အနိစ္စတော။ပလောကတော။စလတော။ပဘင်္ဂုတော။အဓုဝတော။ဝိပရိဏာမတော။အသါရတော။ဝိဘဝတော။မစ္စုတော။သင်္ခတတော။ ဟူ၍ အနိစ္စာနုပဿနာ ၁၀ ပါးကို၎င်း။ ။ဒုက္ခတော။ရောဂတော။အဃတော။ ဂဏ္ဍတော။ သလ္လတော။အာဗာဓတော။ဥပဒ္ဒဝတော။ဘယတော။ ဤတိတော။ဥပသဂ္ဂတော။အတာဏတော။အလေဏတော။ အသရဏတော။ ဝဓကတော။အဃမူလတော။အာဒီနဝတော။အာသဝတော။မာရာမိသတော။ဇာတိတော။ ဇရာတော။ ဗျာဓိတော။သောကတော။ ပရိဒေဝတော။ဥပါယာသတော။ သံကိလေသဓမ္မတော။ ဟူ၍ ။ဒုက္ခာနုပဿနာ နှစ်ဆဲ့ငါးပါးကို၎င်း။ ။အနတ္တတော။ ပရတော။ရိတ္တတော။တုစ္ဆတော။ သုညတော။ဟူ၍ အနတ္တာနုပဿနာငါးပါးကို၎င်း။ ဖြတော်မူ၏။ ။ဤသို့သမ္မသန ဉာဏ်ကိုရပြီးသည်ရှိသော်။ ။ဇာတာနံ။ဖြစ်ဆဲကုန်သော။ပစ္စုပ္ပန္နာနံ။သန္တတိပစ္စုပ္ပန် ခဏပစ္စုပ္ပန်ဖြစ်ကုန်သော။ ခန္ဓာနံ။ ခန္ဓာ ငါးပါးတို့၏နိဗ္ဗတ္တိလက္ခဏံ။ပေါ်စလက္ခဏာသည်။ ဇာတိ။ဖြစ်စသည်။ဥပါဒေါ။ဥပါဒ်သည်။ အဘိနဝါကာရော။ အသစ်သော အခြင်းအရာသည်။ဥဒယောနာမ။ဥဒယမည်၏။ဝိပရိဏာမလက္ခဏံ။ [illegible]

ပြန်ခြင်းလက္ခဏာသည်။ ခယော။ကုန်ခြင်းသည်။ဘင်္ဂေါ။ပျက်ခြင်းသည်။ဝယော။နာမ။ဝယမည်၏။

ဤသို့အကျဉ်းအားဖြင့်။ ရှေးဦးစွာ အခါခါ ရှုပြီးလျှင်။ ။အဝိဇ္ဇာသမုဒယာ။အဝိဇ္ဇာဖြစ်၍ နေခြင်းကြောင့်။ ရူပသမုဒယော။ရုပ်ဖြစ်၍ နေခြင်းသည်။ဟောတိ။ဖြစ်၏။ တဏှာသမုဒယာ။ တဏှာဖြစ်၍ နေခြင်းကြောင့်။ ကမ္မသမုဒယာ။ ကံဖြစ်၍ နေခြင်းကြောင့်။အာဟာရသမုဒယာ။ အာဟာရဖြစ်၍ နေခြင်းကြောင့်။ရူပသမုဒယော။ရုပ်ဖြစ်၍နေခြင်းသည်။ဟောတိ။ဖြစ်၏။နိဗ္ဗတ္တိလက္ခဏံ ပိ။ပေါ်စ ဖြစ်စ ဥ ပါဒ်စ လက္ခ ဏာ သည် လည်း။ရူပဿ။ရုပ်၏။ ဥဒယောနာမ။ဥဒယမည်၏။ ။ဤသို့ပစ္စယတော ဥဒ ယ လေး ပါး။ ခဏ တော ဥ ဒ ယ တ ပါး။ အားဖြင့်။ ဥဒယ လက္ခဏာ ငါးပါးကို ပိုင်းခြား၍ ရှုရမည်။ ထိုအတူ။ ။အဝိဇ္ဇာနိရောဓါ။အဝိဇ္ဇာချုပ်ခြင်းကြောင့်။တဏှာနိရောဓါ။တဏှာချုပ်ခြင်းကြောင့်။ကမ္မနိရောဓါ။ ကံချုပ်ခြင်းကြောင့်။အာဟာရ နိရောဓာ။ အာဟာရ ချုပ်ခြင်း ကြောင့်။ ရူပ နိရောဓေါ။ရုပ်၏ချုပ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ ဝိပရိဏာမလက္ခဏံပိ။ဘောက်ပြန်ခြင်းလက္ခဏာသည်လည်း။ရူပဿ။ရုပ်၏။ ဝယောနာမ။ပျက်ခြင်းမည်၏။ ။ဤသို့ဝယလက္ခဏာငါးပါး။ဤသို့လျှင်ရုပ်၌။ဥဒယဗ္ဗယလက္ခဏာဆယ်ပါး။ထိုအတူ။ ဝေဒနာ။သညာ။သင်္ခါရ။ဝိညာဏ်တို့၌။ဆယ်ပါးစီအားဖြင့်။ခန္ဓာငါးပါးတို့၌။ ဥဒယဗ္ဗယလက္ခဏာ ငါးဆယ်ကို အကျယ်အားဖြင့် အဘန်ဘန် ရှုပွါးသည်ရှိသော်။ဥဒယဗ္ဗယဉာဏ် ဟူသော တရုဏဝိပဿနာဉာဏ်ကိုရ၍။အာရဒ္ဓဝိပဿကပုဂ္ဂိုလ် တယော်မြော်၏။ ။ထိုအခါ။ဩဘာသ။ပီတိ။ပဿဒ္ဓိ။အစရှိသောဝိပဿနာ၏ အငြှစ် အကြေး ဆယ်ပါးဖြစ်လာသည်။ ထိုဝိပဿနုပက္ကိလေသ ဆယ်ပါးကို။တဏှာ။မာန။ဒိဋ္ဌိအားဖြင့်မစွဲလမ်းဘဲ။ ။အနိစ္စံ။ ဒုက္ခံ။ အနတ္တာ။ အနိစ္စံ။ ဒုက္ခံ ။အနတ္တာ။ ဟူ၍။ ဥဒယဗ္ဗယဉာဏ်ဟူသောလမ်းမှန်သို့သွါး၍ ပွါးများခြင်းသည်။မဂ္ဂါမဂ္ဂ

ဥာဏဒဿနဝိသုဒ္ဓိမည်၏။ ။လျှပ်စစ်ကိုမော်၍ကြည့်သည်
ရှိသော်။အဖြစ်ကိုမမြင်အပျက်ကိုမြင်သကဲ့သို့။ အနိစ္စံ။ဒုက္ခံ။ အ
နတ္တာဟု။ ဥဒယဗ္ဗယဉာဏ်ကိုအဘန်ဘန်ပွါးများသည် ရှိသော်။
သင်္ခါရတရားတို့၏။ ခယဝယဘေဒနိရောဓ။ ဟူသော အပျက်
ကိုသာမြင်သော ဘင်္ဂဉာဏ်။ ဤဘင်္ဂဉာဏ်ကို အဘန် ဘန်ပွါး
များသောယောဂီအား။ခြင်္သေ့။ သစ်ကျား။ သားရဲ။ စသည့်ကို
တွေ့၍။မှိုင်မှေ့ဝေနောက်။ သေမတတ်ကြောက်သကဲ့သို့။အလုံး
စုံသော သင်္ခါရ တရား တို့ကို။ ဘေးကြီးဟု ထင်သော ဘယ
ဉာဏ်။ ။ဤဘယဉာဏ်ကို။ အဘန် ဘန် မှီဝဲပွါးများသော
ယောဂီအား။ သားရဲရှိသောရှု။ ကျားခိုသော တောင် ခေါင်း။မိ
ကျောင်းရက္ခိုက်ရှိသော ရေ၏အသွင်။ အလုံးစုံသော ဘဝသုံး
ပါး။ယောနိလေးပါး။ဂတိ ၅ ပါး။ဝိညာဏဋ္ဌိတိခုနစ်ပါး။ သတ္တာ
ဝါသ ၉ ပါးတို့၌။ကိုးစားစရာကိုမမြင်။အပြစ်အရသာတည်းဟု။
ထင်သော အာဒီနဝဉာဏ်။ ။စိတ္တကူဋ်တောင်ခြေ။ကြာအိုင်
ရေ၌၊ ပျော်နေကြဖြစ်သော ရွှေဟင်္သာသည်။ ဒွန်းစဏ္ဍားရွာအ
ထွက်။တန်စီးပွက်၌။နှစ်သက်စွာမပျော်နိုင်သကဲ့သို့။အလုံးစုံသော
ဘဝယောနိစသည်တို့၌။ငြီးငွေ့သောနိဗ္ဗိန္ဒာဉာဏ်။ ။ပိုက်၌
မိသော ငါးကဲ့သို့။ ခပ်သိမ်းသော သင်္ခါရတရားတို့မှ။ လွတ်
မြောက်လိုသော မုဉ္စိတုကမျတာဉာဏ်။ ။လက်၌ ပတ်၍
တည်သောမြွေကိုဖြေ၍ ပစ်ခြင်းငှာ။ စေ့စေ့ကြစ်ကြပ်ကိုင်ပြန်
သကဲ့သို့။ ထိုသင်္ခါရတရားတို့ကို တဘန်။ ။အနိစ္စံဒုက္ခံအ
နတ္တာ။ ဟုသိမ်းဆည်း ပြန်သော ပဋိသင်္ခါဉာဏ်။ ။ဤပဋိသင်္ခါ
ဉာဏ်ကို အဘန်ဘန်မှီဝဲသော ယောဂီအား။ သင်္ခါရတရားတို့
၌။ငါတည်း။ငါ့ဥစ္စာတည်းဟုမယူမှု၍။ လျစ်လျူသာဖြစ်သော
မီး၌ထည့်အပ်သော ကြက်တောင် အလား။ ဘုံသုံးပါး၌ တွန့်တို
ကွေးကုပ်။ စက်ဆုပ်သောသင်္ခါရုပေက္ခာဉာဏ်။ ။ဤသင်္ခါ
ရုပေက္ခာဉာဏ်ကို အဘန်ဘန်မှီဝဲသော ယောဂီအား။ မဂ်ဖိုလ်
ဖြစ်ခါနီးသည်ရှိသော်။မနောဒွါရာဝဇ္ဇန်းနောက်။ ပရိကံ။ဥပစာ။

အနုလုံ။ ဟူသောဝုဋ္ဌါနဂါမိနီဝိပဿနာအနုလောမဉာဏ်။ ဤသို့လျှင်။ဥဒယဗ္ဗယဉာဏ်မှစ၍။ဝိပဿနာဉာဏ် ၉ပါးသည်၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။ ။ထိုနောင်နိဗ္ဗာန်ကိုအာရုံပြု၍။ဂေါတြဘူဟူ သော အဗ္ဗောဟာရိက ဉာဏ်ဖြစ်၏။ ထိုနောင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟုခိုအပ်သော ဉာဏ်သည်။ဉာဏဒဿနဝိသုဒ္ဓိမည်၏။မဂ်လေးတန်။ဖိုလ်လေးတန်။ ပစ္စဝေက္ခဏာဉာဏ်အစဉ်အားဖြင့် အနုပါဒိသေသ နိဗ္ဗာန်သို့ရောက်၍။ ဒုက္ခပ်သိမ်း။ကင်းငြိမ်းကုန်သည်သာဖြစ်တော့သည်။ ။

ဤသို့လျှင် ဗုဒ္ဓါနုဿတိမှ တက်၍။ မဂ်ဖိုလ်နိဗ္ဗာန်တိုင်။ အကျဉ်းအားဖြင့်။ ပြအပ်ပြီးသော။ဝိသုဒ္ဓိခုနစ်ဖြာ။ ဝိပဿနာဆယ်ပါးတို့ကို။မနေမနား။တပါးသော ကိစ္စတို့ကို။ လျစ်လျူထား၍။ ကြိုးစားအားထုတ်ကြရမည်။ ။သာဝတ္ထိပြည်၏ အနီးသရက်ပင်ကြီး၌။ ဘိတ်ဘိတ်ယိုစီး။ကြက်သီးထဘွယ်။ ရေမီးအဟုံ။ရောင်စုံတော်ခြောက်သွယ်တို့ကိုပြ၍။ ပရဝါဒ။မာနထန်ပြင်း။ဘုရားရောင်ဘန်ဆင်းသော တိတ္ထိတို့ကိုနှိပ်နင်း ပယ်ရှား ပြီးလျှင်။ နှစ်လှမ်းသုံးဘဝါး ဖြင့်ကြွသွား တော်မူ၍။ မေရုဗပိုရ်။မြင်းမိုရ်ထက်ဖျား။သိကြားမင်းနေရာ။ဝတိသ်ာ၌။ ဝါလပတ်လုံး။ရတနာရွှဲလုံးကို။ သန္တာကြိုးဖြင့် သီကုံးသည့်ပမာ။ အဘိဓမ္မာ ဒေသနာခဲရပ်ကို။သောင်းလောကဓာတ်။ နတ်တို့အားထိုက်ကျေး ဟောကြားသနားတော်မူပြီးလျှင်။သိကြားဘန်ဆင်းသောစောင်းတန်းလှေကားဖြင့်သက်ဆင်းတော်မူ၍။သင်္ကဿပြည်တံခါးဝ၌။ရပ်တော်မူသောအခါ။လက်ျာတော်ရံ အရှင်သာရိပုတ္တရာ မထေရ်သည်။ရှိသေစွာလက်အုပ်ချီ၍။ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှ သော ရှင်ပင် ဘုရား။ ရှင်ပင် ဘုရားကို။ အများ သတ္တဝါတို့။ လွန်စွာကြည်ညို တောင့်တ ကြပါ သည်ဟု လျှောက် ရာတွင်။ ။ယေဈာနပ္ပသုတာဓီရာ။နေက္ခမ္မုပသမေရတာ။ဒေဝါပိ တေသံပိဟယန္တိ။ သမ္ဗုဒ္ဓါနံသတိမတံ။ ။ဟူသောစကားငံတော်ကိုဟောကြားတော်မူသည်။ ။

သမ္ဗုဒ္ဓါ။ သစ္စာ ၄ ပါး တရားကို သူ တပါး မဆို အလိုလို သိ
တော်မူကုန်သော။ယေဗိရာ။အကြင်ပညာရှိတို့သည်။ ဈာနပ္ပသု
တာ။ကာမစ္ဆန္ဒစသည်ဘေးရန်ကို အာရမ္မဏူပနိဇ္ဈာန် လက္ခဏူ
ပနိဇ္ဈာန်နှစ်ပါးဖြင့်။ ဘုတ်ကြည်းဖျက်ဆီးခြင်း၌။ လေ့ကျက်ကုန်
၏။နေက္ခမုပသမေ။ ကာမတဏှာ၏ ထွက်မြောက်ရာဖြစ်သော
ဈာန်မဂ်။ ကိလေသာတို့၏ ငြိမ်သက်ရာ ဖြစ်သော နိဗ္ဗာန်၌။ရ
တာ။မွေ့လျော်ပျော်ပိုက်ကုန်၏။သမ္ဗုဒ္ဓါနံ။ သစ္စာ ၄ ပါးတရား
ကို။ကြွင်းထားမရှိ။အလိုလိုသိတော်မူကုန်သော။သတိမတံ။ သ
တိမန္တာနံ။ ကျောက်ဖြာအပြင်။ ရေးတင်သားကွက်။ အက္ခရာအ
သွင်။ထင်မြင်သောသတိနှင့်ပြည့်စုံကုန်သော။တေသံဗိရာနံ။ ထို
ပညာရှိတို့အား။ ဒေဝါပိ။ နတ်တို့ပင် သော်လည်း။ ပိဟယန္တိ။
ကြည်ညိုရုံမက်။နှစ်သက်မြတ်နိုးကုန်၏။ ။ဤသို့ဟောတော်
မူသည်နှင့်ညီစွာ။ ပညာနှံ့သသူလူတို့ကိုမဆိုသာ။နတ်ဗြဟ္မာတို့
ပင်။ လွန်စွာကြည်ညို။ရိုသေလေးမြတ်။ နှစ်သက်တောင့်တအပ်
သောမြတ်စွာဘုရား၏။ ဆိုခဲ့ပြီးသောအရဟံအစရှိသော ဂုဏ်
တော်ကိုယုံကြည်စွာအောက်မေ့ဆင်ခြင်ပြီးလျှင်။ ဗုဒ္ဓါနုဿတိအ
ဟုံဖြင့်။စိမ့်ထုံပြည့်နှက်။နှစ်သက်ဆူ ရွှမ်း။ပီတိအစွမ်းဖြင့်။ဥဒါန်း
အဟန်။ကြူးရင့်ရန်ကား။ ။သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ။သဒါဂေါတမ
သာဝကာ။ ယေသံဒိဝါစရတ္တော စ။ နိစ္စံ ဗုဒ္ဓဂတာသတိ။ ။
ယေသံ။အကြင်အမျိုးကောင်းသားတို့အား။ဒိဝါ။နေ့အခါ၌၎င်း။
ရတ္တော စ။ ညဉ့်အခါ၌၎င်း။နိစ္စံ။ အမြဲမပြတ်။ ဗုဒ္ဓဂတာ သတိ။
ဘုရား၏ ဂုဏ်တို့၌။ နှစ်သက်ယုံကြည်သက်ဝင်၍ တည်သော
ဗုဒ္ဓါနုဿတိသည်။အတ္ထိ။ရှိ၏။ဂေါတမသာဝကာ။ဂေါတမမြတ်
စွာဘုရား၏ တပည့်ဖြစ်ကုန်သော။တေ။ထိုအမျိုးကောင်းသားတို့
သည်။သဒါ။နေ့ ညဉ့်မချာ အခါခပ်သိမ်း။ သုပ္ပဗုဒ္ဓံ။ကောင်းစွာ
နိုးခြင်းကို။ ပဗုဇ္ဈန္တိ။ နိုးကြီးနိုးရကုန်၏။ ဝါ။ပွင့်ကြီး ပွင့်ရကုန်
၏။ ။အဓိပ္ပာယ်ကား။ဘုရားမြတ်စွာ၏ အရဟံစသောဂုဏ်
တော်တို့။ယုံကြည်လေးစား။ အခါမပြတ်နှလုံးထားကုန်သောသူ

တို့သည်။ ထင်းလှည်းအောက်၌။တ[illegible]သောက်ထည်းအိပ်ပျော်ရာ၊
ဘီလူးလာ၍ စားမည်ဟု ခြေကိုဆွဲသည့်အခါ။ လေ့လာနေကြ
ဖြစ်သော၊။ဗုဒ္ဓေါမေသရဏံအညံ့နတ္ထိဟူသည်ကို အိပ်ပျော်ရာမှ
ရောင်ရမ်းမိသောကြောင့်။ မစားဝံ့မူ၍ ပူဇော်သက္ကာရကိုပြုရ
သော ဘူတပါလ သတို့သားငယ်အလား။ကောင်းစွာနိုးကြားရ
ကုန်၏။ပကတိသောအိပ်ပျော်ရာမှသာ။ကောင်းစွာနိုးရသည်မ
ဟုတ်သေး။ဝဋ္ဋလိမထေရ်စသည်တို့အတူ။ကိလေသါဟူသော
အိပ်ပျော်ခြင်းမှလည်း။ အချင်းခပ်သိမ်း နိုးကြားပွင့်လင်း ရကုန်
၏။ဟူလိုသည်။ ။ထိုနည်းတူစွာ။တရားတော်၏။သွာက္ခာတ
တာအစရှိသောဂုဏ်တော်တို့ကို ယုံကြည်စွာ အောက်မေ့ ဆင်
ခြင်၍။ ရအပ်သော ကာမကုသိုလ်တို့နှင့် သမ္ပယုတ် ဖြစ်သော
ဖဿ။ဝေဒနာ၊သညာ။စေတနာ။အစရှိသော၊သမ္ပယုတ်တရားတို့
နှင့်။သဟဇာတ်ဖြစ်သော၊ကမ္မဇ။စိတ္တဇ။ဥတုဇ။အာဟာရဇ။ဖြစ်
ကုန်သော။ ရုပ်နာမ်တရားတို့ကိုလည်း။ ဗုဒ္ဓါနုဿတိ၌။ ဆိုပြီး။
ဖြစ်ပြီးသော နည်းအတိုင်း။ နာမ်ရုပ်တို့ကို သိမ်းဆည်း၍။ သုဒ္ဓိ
ခုနစ်ဖြာ။ဝိပဿနာဆယ်ပါးတို့ဖြင့်။ မဂ်ဉာဏ်။ ဖိုလ်ဉာဏ်။အ
နုပါဒိသေသတိုင်အောင်သောအကျိုးပြီး၍။နိုးကြီးနိုးရ၍။ဝမ်း
မြောက်ဝမ်းသာ။အချါခုပ်သိမ်း။ ဓမ္မာနုဿတိအဟုံဖြင့်။ စိမ့်ထုံ
ပြည့်နှက်။နှစ်သက်ရွှင်ရွှမ်း။ပီတိအာရွှမ်းဖြင့်။ဥဒါန်းအဟန်။ကြွေးရင့်
ရန်ကား။ ။သုပ္ပဗုဒ္ဓံပဗုဇ္ဈန္တိ။သဒါဂေါတမသာဝကာ။ယေသံဒိ
ဝါစရတ္တောစ။နိစ္စံဓမ္မဂတာသတိ။ ။ယေသံ။တို့အား။ဒိဝါစ။
၌၎င်း။ရတ္တောစ။၌၎င်း။ နိစ္စံ။အမြဲ။ ဓမ္မဂတာသတိ။ တရား၏
ဂုဏ်တော်၌။ နှစ်သက် ယုံကြည်၍သက်ဝင်၍ တည်သောဓမ္မာ
နုဿတိသည်။အတ္ထိ။ရှိ၏။ဂေါတမသာဝကာ။ကုန်သော။တေ။
တို့သည်။သဒါ။အမြဲ။သုပ္ပဗုဒ္ဓံ။ကို။ ပဗုဇ္ဈန္တိ။ ကုန်၏။ ဝါ။ ပွင့်
ကြီးပွင့်ရကုန်၏။ ။ဆိုခဲ့ပြီးသောအနုဿတိတရားနှစ်ပါးနှင့်
အတူ။သံဃာတော်၏ သုပ္ပဋိပန္နတာ စသောဂုဏ်တော်ကို ယုံ
ကြည်စွာ ဆင်ခြင် ပွါးများရာတို့၌လည်း။ နာမ်ရုပ် တရားတို့ကို

သိမ်းဆည်းပုံ။ သုဒ္ဓိတရားဖြစ်ပွါးသည့်အခြင်းအရာ။ ဝိပဿနာ
ပွါးဟန်တို့နှင့် တကွ။ သိနားလည်၍။ မဂ်ဉာဏ်။ ဖိုလ်ဉာဏ်။
အနုပါ ဒိသေသတိုင် အကျိုး ပြီးစီး၍။ ဘုရားရှင်လည်း သမ္မာ
သမ္ဗုဒ္ဓအစစ်ဖြစ်ပေ၏။တရားတော်လည်း။သွါက္ခာတတါစသည်
ဖြစ်၍။နိယျာနိကမှန်ပေ၏။သံဃါတော်လည်း။အဂ္ဂဒက္ခိဏေယျ
ဖြစ်ပေ၏ဟု။အားရနှစ်သက်။လွန်ဝံမက်၍။ ဥဒါန်းအဟန်။ကြွေး
ရင့်ရန်ကား။ ။သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ။သဒါဂေါတမသာဝကာ။ယေ
သံဒိဝါစရတ္တောစ။ နိစ္စံ သံဃဂတာ သတိ။ ။ယေသံ။တို့
အား။ ဒိဝါစ။၌ဎင်း။ ရတ္တောစ။၌ဎင်း။နိစ္စံ။ အမြဲ။သံဃဂတာသ
တိ။သံဃာတော်၏ ဂုဏ်တော်။ ကျေးဇူးတော် တို့၌။ ယုံကြည်
သက်ဝင်၍ တည်သော။ သံဃာနုဿတိ သည်။ အတ္ထိ။ ရှိ၏။
ဂေါတမသာဝကာ။ ကုန်သော။ တေ။ တို့သည်။ သဒါ။ သိမ်း။
သုပ္ပဗုဒ္ဓံ။ကို။ပဗုဇ္ဈန္တိ။ကုန်၏။ဝါ။ပွင့်ကြီးပွင့်ရကုန်၏။ ။
အမတံတေပရိဘုဉ္ဇန္တိ။ ယေကာယဂတံ သတိံ ဘုဉ္ဇန္တိ။ ။
ဘိက္ခဝေ။ တို့။ ယေ။ အကြင် သူတို့သည်။ ကာယဂတံ။ ကေ
သာလောမာ။ စသည့် ရောရှု ကိုယ်အစု၌ အသုဘ ဇေဂုစ္ဆ ပဋိ
ကူလ တည်း ဟုသက်ဝင်၍။ သတိံ။ အောက်မေ့ ခြင်းသတိ
ကို။ပရိဘုဉ္ဇန္တိ။ သုံးဆောင်ပွါးများစားသောက်ရကုန်၏။ တေ။
ထိုပုဂ္ဂိုလ်တို့သည်။ အမတံ။ မသေ စေတတ်။ ဆေး မြတ် အ
လား။ အမြိုက်နိဗ္ဗာန် တရားကို။ ပရိဘုဉ္ဇန္တိ။ စားသောက် မှီဝဲ
သုံးစွဲပွါးများရသည်မည်ကုန်၏။ ။ဤသို့ဟောတော်မူသည်
နှင့် ညီစွာ။ သေခြင်း ကင်းရာ နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်စေ
တတ်သောကြောင့်။အမတာဟူ၍ ပင်တင်စား၍။ဟောကြားခေါ်
ဝေါ်အပ်သော။ ကာယဂတာသတိကမ္မဋ္ဌာန်းကိုစီးဖြန်းပွါးများ
အားထုတ်သောပုဂ္ဂိုလ်အားလည်း။ ရှေးနည်းအတူ။ ဆံပင်။မွေး
ညှင်း။ခြေသည်း။လက်သည်း။ သွား။အရေ။ဟူသောတစပဉ္စက
စသည်တို့ကိုအာရုံပြု၍ ဖြစ်သောကာမကုသိုလ်တို့နှင့်သမ္ပယုတ်
ဖြစ်သော။ဖဿ။ဝေဒနာ။သညာ။စေတနာ။နာမ်တို့နှင့်သဟဇာတ်

ဖြစ်သောစတုဇရုပ်တို့ကိုသိမ်းဆည်း၍။ လက္ခဏာ။ရသ။ ပစ္စုပဋ္ဌာန်။ ပဒဋ္ဌာန်တို့ဖြင့် ပိုင်းခြား၍။ မဂ်ဉာဏ်။ ဖိုလ်ဉာဏ်။ ပစ္စဝေက္ခဏာဉာဏ်။ နိဗ္ဗာန်တိုင်သောလိုအပ်သောအကျိုးပြီးပြည့်စုံသဖြင့်။နှစ်သက်ရုံမက်။ ဝမ်းသာလှ၍။ ကာယဂတာသတိအဟုံဖြင့်။ စိမ့်ထုံပြည့်နှက်။နှစ်သက်ဇာရွှမ်း။ပီတိအစွမ်းဖြင့်။ဥဒါန်းအဟာန်။ ကြူးရင့်ရန်ကား။ ။သုပ္ပဗုဒ္ဓံပဗုဇ္ဈန္တိ။ သဒါဂေါတမသာဝကာ။ယေသံဒိဝါစရတ္တောစ။နိစ္စံကာယဂတာသတိ။ ။ယေသံ။တို့အား။ဒိဝါစ။ဥ္ဒရင်း။ရတ္တောစ။ဥ္ဒရင်း။နိစ္စံ။အမြဲ။ကာယဂတာသတိ။ကေသာလောမာ။စသည်ရောရ ကိုယ်အစု၌ အသုဘ ဇေ ဂု စ္ဆ ပဋိ ကူလ တည်းဟု သက်ဝင်၍။ အောက် မေ့ခြင်းကာယဂတာသတိသည်။ အတ္ထိ။ ရှိ၏။ ဂေါတမသာဝကာ။ ကုန်သော။တေ။တို့သည်။ သဒါ။သိမ်း။သုပ္ပဗုဒ္ဓံ။ကို။ ပဗုဇ္ဈန္တိ။ ကုန်၏။ ဝါ။ပွင့်ကြီးပွင့်ရကုန်၏။ ။သမာဓိယထာဘူတဉာဏဒဿနပ္ပစ္စယာ။ ယထာဘူတ ဉာဏဒဿနံ ဝိရာဂပ္ပစ္စယာ။ ဝိရာဂေါ ဝိမုတ္တိပ္ပစ္စယာ။ ဝိမုတ္တိ ဝိမုတ္တိဉာဏ ဒဿနပ္ပစ္စယာ။ ဝိမုတ္တိဉာဏဒဿနံ။ အနုပါဒါပရိနိဗ္ဗာနပ္ပစ္စယာ။ ။ဟူသည်နှင့်ညီစွာ။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာ ဉာဏ် အနုပါဒိသေသနိဗ္ဗာန်တို့၏ အကြောင်းဖြစ်၍။စင်စစ်ပွါးအပ်။ပွါးသင့်။ပွါးထိုက်။ ပွါးကောင်းသော။ ဗုဒ္ဓ။ဓမ္မ။ သီလ။ ကာယဂတာသတိ။တရား ၄ပါးတို့မှတပါးကုန်သော။သုံးဆယ်ခြောက်ပါးသောဘာဝနာတို့၌လည်း။ ရအပ်သောသမ္မာဓိဈာန်တို့၌။ နာမ်တရား။ရုပ်တရားတို့ကို။ သိမ်းဆည်းခြင်းလျှင် အရင်းရှိသော။ နာမရူပပရိစ္ဆေဒ ဉာဏ်နှင့် တကွ။ သုဒ္ဓိ ခုနစ်ပါး။ ဉာဏ်ဆယ်ပါးတို့၏ အစဉ် အတိုင်း။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာ ဉာဏ် နိဗ္ဗာန်တိုင် အကျိုးပြီးစီးသောအခါ။ ဘာဝနာအဟုံဖြင့်။ စိမ့်ထုံပြည့်နှက်။နှစ်သက်ရွှင်လန်း။ပီတိအစွမ်းဖြင့်။ ဥဒါန်းအဟာန်။ကြူးရင့်ရန်ကား။ ။သုပ္ပဗုဒ္ဓံပဗုဇ္ဈန္တိ။ သဒါဂေါတမသာဝကာ။ ယေသံဒိဝါစရတ္တောစ။ဘာဝနာယရတောမနော။ ။သုညာ

ဂါရံပဝိဋ္ဌဿ။ သန္တိစိတ္တဿတာဒိနော။ အမာနုသီရတိ ဟော
တိ။ သမ္မာဓမ္မံဝိပဿတော။ ။ယတောယတော သမ္မသတိ။
ခန္ဓာနံဥဒယဗ္ဗယံ။လဘတေပီတိပါမောဇ္ဇံ။အမတံတံဝိဇာနတံ။ ။
ယောသံ။တို့အား။ဒိဝါ၊စ။ခြင်း။ရတ္တော၊စ။ခြင်း။မနော။စိတ်သည်၊
ဘာဝနာယ။သမထဝိပဿနာ ဘာဝနာ-၂-ပါး၌။ ရတော။ မွေ့
လျော်ပျော်ပိုက်။နှစ်ခြိုက်အားရမ်း။ ရွှင်လန်းကြည်သာ၏။ ဂေါ
တမသာဝကာ။ကုန်သော။တေ။တို့သည်။သဒါ။သိမ်း။ သုပ္ပဗုဒ္ဓံ။
ကို။ပဗုဇ္ဈန္တိ။ကုန်၏။ဝါ။ပွင့်ကြီးပွင့်ရကုန်၏။ ။သုညာဂါရံ။
ဆိတ်ငြိမ်ရာအရပ်သို့။ပဝိဋ္ဌဿ။ ဝင်သော။ သန္တစိတ္တဿ။ ငြိမ်
သက်တည်ကြည် မလော်လည်သော စိတ်ရှိသော။ တာဒိနော။
ဇုဋ္ဌာနို့မှ စသည်တသွန် လောကဓံကြောင့် ဘောက်ပြန်ခြင်းမရှိ၊
တာဒိ ဂုဏ်နှင့် ပြည့်စုံသော။ သမ္မာ။ မဘောက်မပြန် ဟုတ်မှန်
သည့်အတိုင်း။ဓမ္မံ။ ရုပ်နာမ် ၂ ပါး နိဿတ္တ နိဇ္ဇီဝတရားကို။ဝိ
ပဿတော။ ထူးသောဝိပဿနာ ဉာဏ်ဖြင့် သိမြင်သော ယောဂီ
ပုဂ္ဂိုလ်အား။ အမာနုသီ။ လူသာမန်တို့ မပျော် မကန် မထိုက်
တန်သော။ ရတိ။မွေ့လျော်ခြင်း ဓမ္မရတိသည်။ ဟောတိ။ ဖြစ်
၏။ ။ယတောယတော။အကြင်အကြင် နာမရုခ။ရူပရုခ စ
သောအဦးမှ။ခန္ဓါနံ။ခန္ဓါတို့၏။ဥဒယဗ္ဗယံ။အဖြစ်အပျက်ကို။သမ္မ
သတိ။ ဆင်ခြင် သုံးသပ် ၏။ အမတံ။ သေခြင်း ကင်းသော။
တံ။ထိုနိဗ္ဗာန်ကို။ဝိဇာနတံ။ ဝိဇာနန္တာနံ။ သိကုန်သောပညာရှိတို့
အား။ဝါ။ပညာရှိတို့သည်။တတောတတော။ ထိုထိုရှုတိုင်းသော
အဦးအစမှ။ပီတိပါမောဇ္ဇံ။ နှစ်သက် ရွှင်လန်း။ ဝမ်းမြောက်ခြင်း
ကို။လဘတေ။ရအပ်၏။ ။ဤသို့ဆိုခဲ့ပြီးသောသမထဝိပဿ
နာဘာဝနာ-၂-ပါးကို ပွါးများ၍။ ရအပ်သော အရိယာမဂ်၏
အစွမ်းရှိန်စော်။ အာနုဘော်ကို။ ဤသို့သိအပ်၏။ ။ကာဒါစိပိ
အနိဗ္ဗိန္ဒ။ပုဗ္ဗမင်္ဂလပနေသတံ။ လောဘံဒေါသဉ္စ မောဟဉ္စ။ ဝိဒ္ဓံ
သန္တော၀ ဇာယတိ။ ။ဧသဧသော မင်္ဂလပန။ဤအရိယာမဂ်
သည်ကား။ ကဒါစိပိ။ စိုးစဉ်းနည်းငှာ တရံတခါမျှ လည်း၊ အံ

နိဗ္ဗိန္ဒပုဗ္ဗံ။ အနမတဂ္ဂ သံသရာဝဋ်တရံတခါမျှ မပယ်မခွင်း။
မဘောက်ထွင်းဘူးသော။ တံတာဒိသံ။ထိုသို့ သဘော ရှိသော
လောဘဥ္စ။ လောဘခဲကိုရင်း။ ဒေါသဥ္စ။ ဒေါသခဲကိုရင်း။ မော
ဟဥ္စ။မောဟခဲကိုရင်း။ ဝိဒ္ဓံသန္တောဧဝ။ ရန့်ရန့် ညက်ညက်ဘော
ခွဲဖြိုဖျက်၍ သာလျှင်။ဇာယတိ။ဖြစ်ပေါ်လာ၏။ ။ဝိဝေသဒ္ဒါပါ
ယဋ္ဌါရုံ။သောသေတိဒုက္ခသာဂရံ။ မိစ္ဆာမဂ္ဂံ ပဇဟာတိ။ အရိယဋ္ဌ
နမုခိကရော။ ။သဒ္ဒါ။မကျန်မကြွင်း အချင်းခပ်သိမ်း။ အပါ
ယဋ္ဌါရုံ။အပါယ် ၄ ပါးတံခါးကို။ ပိဓေ။ပိတ်ဆို့ဖျက်ဆီး တတ်
၏။ဒုက္ခသာဂရံ။ကြမ်းကြုတ်စွာလှအစမထင် ကမ်းမမြင်သည့်
ရေယဉ်အစုတ်။ ဆင်းရဲသမုဒ်ကို။ သောသေတိ။ ကုန်စင်သွေ့
ပျောက် ခန်းခြောက်စေ၏။မိစ္ဆာမဂ္ဂံ။ ဒုဂ္ဂတိသို့ရောက်စေတတ်
သောလမ်းကောက်လမ်းမှားကို။ပဇဟာတိ။စွန့်ပယ်ရှောင်လွှဲ၏။
အရိ ယဋ္ဌန မုခိ ကရော။ သဒ္ဒါ သီလ သုတ စာဂ ပညာ ဟိရိ
ဩတ္တပ္ပ။ ဟူသောသူတော်ကောင်းဥစ္စာခုနစ်ခုသို့လည်း။ ရှေ့ရှု
ပြုတတ်၏။ ။သမေတိဝေရဘယာနိ။ နေတိဗုဒ္ဓသဩရသံ။
အဒ္ဒေသဥ္စာနိသံသါနံ။မဂ္ဂေါလာဘာယဝတ္တတိ။ ဝိဋ္ဌာရာတေ
ပကာသေတုံ။ နသက္ကာဒီဃအဒ္ဓုနာ။ ။မဂ္ဂေါ။ အရိယာမဂ်
သည်။ဝေရဘယာနိ။ ယုဏာတိပါတစသော အတွင်း အပရန်
ဘေးတို့ကို။ သမေတိ။ ရေသည့် မီးသို့ အပြီးတိုင်ရောက် ငြိမ်း
ပျောက်စေတတ်၏။ဗုဒ္ဓသသ။မြတ်စွာဘုရား၏။ ဩရသံ။ရင်
တော်နှစ်။ သားတော်စစ်အဖြစ်သို့။ နေတိ။ပါပေတိ။ ရောက်စေ
တတ်၏။အဒ္ဒေသဥ္စ။ ဤမှတပါးလည်းဖြစ်ကုန်သော။အာနိသံ
သာနံ။အဘိညာဏ်။ပဋိသမ္ဘိဒါစသော်အကျိုးအာနိသင်တို့ကို
လာဘာယ။ရခြင်းငှါ။ဝတ္တတိ။ဖြစ်၏။ တေအာနိသံသေ။ ထိုအ
ကျိုးတို့ကို။ဒီဃအဒ္ဓုနာ။နေ့၊ ရက်။လ။နှစ်။ သက္ကရာဇ်ရှည်ကြာ
အခါကာလဖြင့်လည်း။ ဝိတ္ထာရာ။ ကုန်စင်ပတ်လယ်။ အကျယ်
အားဖြင့်။ ပကာသေတုံ။ ထုတ်ဘော်ညွှန်ပြခြင်းငှါ။ နသက္ကာ။မ
တတ်ကောင်း။ ။ဤသို့သောအကျိုးအာနိသံသကို အံ့လိုရှိကြ

ကုန်သော။အာစါရကုလဖိုတ္တ။ဓမ္မမာမက။လဇ္ဇီပေသလ။သိက္ခာကာမ။သံသာရဘယဘီရုက။ဖြစ်ကြကုန်သော။ အမျိုးကောင်းသားတို့သည်။ဘဝများစွာ။ သံသရာက။ခါခါဘန်များ။ ခံစား၍မဝ။ခံစား၍အားမရနိုင်သော။ဆွေး။ဝက်။ကြက်။ငှက်။ပိုး။ပရွက်တို့မှမလွတ်ရ။သဗ္ဗသတ္တက။ ဗဟုသာဓာရဏ။လောကီယစည်းစိမ်၊ လာဘ်လာဘဂုဏ်သိန်ကို။မမြိန်မရှက်။ မငဲ့ကွက် မတွယ်တာဘဲ။ပလိဗောဓ။ရှိသမျှကို။ခဏခြင်းစွန့်ခွါ၍။ လွန်စွာမပေါးဇာတိဘေးစသည်တို့၏။ကင်းလွတ်ရာ။ခေမာနဂရ။ အဘယပူရ။အမတစံ၊ငြိမ်းရာမှန်သော။နိဗ္ဗာန်အောင်ရပ်။ အသင်္ခတဓာတ်သို့။ဖြောင့်မတ်စွာရောက်ကြောင်း။ ဆိပ်ကမ်းကောင်းတူမျှ။မင်းလမ်းမဥပမာ။ဤဆိုအပ်ခဲ့ပြီးသောသမထဝိပဿနာလမ်း။ဤဆိုအပ်ခဲ့ပြီးသော ဆိပ်ကမ်းသို့။ ကူးသန်းသက်ဆင်း ကြ၍။ ဘေးကင်းရာဇကန်။နိဗ္ဗာန်အောင်ရပ်။ဓမ္မဓာတ်သို့။ ဖြောင့်မတ်လျင်စွာဤသာသနာတော်မျက်မှောက်၌ပင်။ ရောက်အောင်ကြိုးစားအားထုတ်နိုင်ကြစေကုန်သတည်း။ ။

အထက်ပြဆိုခဲ့သည့်လက္ခဏာရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်များကို၊
ထင်ရှားသည့်ထက်ထင်ရှား၍။ကွဲပြားသိသာစေရန်
သလုံးဆရာတော်ဘုရားရေးသားစီရင်တော်မူသည့်။
လက္ခဏာရသပစ္စုပဋ္ဌာန်ပဒဋ္ဌာန်အဆုံးအဖြတ်
ကိုဘက်စပ်ထည့်သွင်းပြဆိုချက်။

တေသံတေသံဓမ္မာနံ သဘာဝေါဝါသာမညံဝါ လက္ခဏံနာမ။ ကိစ္စံဝါသမ္ပတ္တိဝါရသောနာမ။ ဥပဋ္ဌာနာကာရောဝါ ဖလံဝါ ပစ္စုပဋ္ဌာနံနာမ။အာသန္နကာရဏံပဒဋ္ဌာနံနာမ။ ။တေသံတေသံဓမ္မာနံ။ ထိုထိုသို့သော ပရမတ္ထဓမ္မပညတ္တိဓမ္မတို့၏။ သဘာဝေါဝါ။ ကက္ခဠဖုသနအစရှိသောသတ္တိသည်ငှင်း။ ဝါ။ ပဝတ္တိနိမိတ်သည်ငှင်း။ သာမညံဝါ။ တူသည်၏အဖြစ်သည်ငှင်း။ ဝါ။ တေဘုမ္မကတရားဖြစ်ကုန်အံ့။ အနိစ္စဒုက္ခအနတ္တ၏ အဖြစ်ဖြင့်တူသည်၏ အဖြစ်သည်ငှင်း။ ရုပ်ဖြစ်ကုန်အံ့။ ရုပ္ပနသဘောချင်းတူသည်၏အဖြစ်သည်ငှင်း။စိတ်ဖြစ်ကုန်အံ့။ ဝိဇာနနသဘောချင်းတူသည်၏ အဖြစ်သည်ငှင်း။စေတသိက်ဖြစ်ကုန်အံ့။စေတောယုတ္တအဖြစ်ဖြင့်တူသည်၏ အဖြစ် သည်ငှင်း။ လက္ခဏံ။ မှတ်ကြောင်းလက္ခဏာမည်၏။ကိစ္စံဝါ။ ထိုထိုသို့သောပရမတ္ထ ဓမ္မတို့၏။ ဝါ။ ပရမတ္ထဓမ္မပညတ္တိဓမ္မတို့၏။ ဗျာပါရဟုဆိုအပ်သော ကက္ခဠဖုသန အစရှိသောကိစ္စသည်ငှင်း။ သမ္ပတ္တိဝါ။ ထိုထို သို့သော ပရမတ္ထဓမ္မ ပညတ္တိဓမ္မတို့၏ ဂုဏ်ဟု ဆိုအပ်သော ပြည့်စုံခြင်း သမ္ပတ္တိသည်ငှင်း။ ရသောနာမ။ မည်၏။ ဥပဋ္ဌာနာကာရောဝါ။ ဉာဏ်ဟု ဆိုအပ်သော ဉာဏ်အားရှေးရှုထင်သော အခြင်းအရာသည်ငှင်း။ ဖလံဝါ။ ထိုထိုသို့သောပရမတ္ထဓမ္မပညတ္တိဓမ္မတို့၏အကျိုးသည်ငှင်း။ပစ္စုပဋ္ဌာနံနာမ။မည်၏။အာသန္နကာရဏံ။နီးစွာသောအကြောင်းသည်။ပဒဋ္ဌာနံနာမ။မည်၏။ဟူလိုသည်။ ။ဤ၌အဓိပ္ပာယ်ကား။ ။ပဝတ္တိနိမိတ်ဟုဆိုအပ်သောသတ္တိသည်ငှင်း။ အနိစ္စ

အစရှိသည်ဖြင့် တူသည်၏ အဖြစ်သည်ဍင်း။ လက္ခဏာမည်၏။ ဗျတ္တိဟုဆိုအပ်သော ထင်သောဗျတ္တိနိမိတ်ကိစ္စသည်ဍင်း။ ဂုဏ်ဟုဆိုအပ်သော ပြည့်စုံသော သမ္ပတ္တိသည်ဍင်း။ ရသမည်၏။ ဂုဏ်ဟုဆိုအပ်သောဥပဋ္ဌာနာကာရသည်ဍင်း။အကျိုးဟုဆိုအပ်သောဖလသည်ဍင်း။ ပစ္စုပဋ္ဌာန်မည်၏။ နီးစွာသော အကြောင်းသည်ပဒဋ္ဌာန်မည်၏။ ။သရောမြတ်တို့ကား။ နီးစွာသော အကြောင်းကို ယူသဖြင့် ဝေးသော အကြောင်းကိုလည်း ယူအပ်၏ဟု ဆိုတော် မူကြ၏။ ။လက္ခဏာကား။ အတိတ် အနာဂတ်ပစ္စုပ္ပန်ကာလ ၃ ပါး၌ဖြစ်ကုန်သောတရားတို့၏သတ္တိကို ဆိုအပ်၏။ ရသကား။ ပစ္စုပ္ပန်၌ဖြစ်ကုန်သော တရားတို့၏ထင်သောဗျတ္တိကိုစွဲ၍ဆိုအပ်၏။ထိုသို့သောတရားတို့၏ထင်သော အခြင်းအရာဟုဆိုအပ်သောဂုဏ်သည် ဥပဋ္ဌာနာကာရမည်၏။ ရသ၌ အကျိုးဝင်သော သမ္ပတ္တိသဒ္ဒါ။ ပစ္စုပဋ္ဌာန်၌ အကျိုးဝင်သောဥပဋ္ဌာနာကာရသဒ္ဒါဂုဏသဒ္ဒါ။ဤသဒ္ဒါ ၃ ပါးတို့သည်။အနက်တူ သဒ္ဒါပြား ဖြစ်ကုန်၏။ သမ္ပတ္တိဂုဏ်ကို ရသယူ သည်ဖြစ်အံ့။ ဥပဋ္ဌာနာ ကာရ ဂုဏ်ကို ပစ္စုပဋ္ဌာန်မယူရပြီ။ ဖလပစ္စုပဋ္ဌာန်ကိုသာယူရ၏။ ကိစ္စကို ရသယူသဖြင့်။ ဥပဋ္ဌာနာ ကာရ ဖလ-၂-ပါးတို့တွင်တပါးပါးကိုယူရာ၏။ ။ပညတ္တိဓမ္မတို့ကို လက္ခဏာရသပစ္စုပဋ္ဌာန် ပဒဋ္ဌာန် တင်လိုမူကား။ ပရမတ္ထဓမ္မတို့၏ အရိပ်အရောင် ဖြစ်သော အတုကိုပြု၍ အတ္ထစ္ဆာယာကာရအားဖြင့်တင်ရာ၏။ ။ဒုဿီလဝိဒ္ဓံသနတာ။အနဝဇ္ဇဂုဏောတထာ။ကိစ္စသမ္ပတ္တိအတ္ထေန။ရသောနာမပဝုစ္စတိ။ ။ဧဝံလက္ခဏာဿ။ ဤသို့ ဆိုအပ်ခဲ့ပြီးသော လက္ခဏာ ရှိသော။ အဿ။ ထိုသီလ၏။ ကိစ္စသမ္ပတ္တိအတ္ထေန။ ကိစ္စသမ္ပတ္တိ အနက်အားဖြင့်။ဒုဿီလဝိဒ္ဓံသနတာ။ဒုဿီလကို ဖျက်ဆီးခြင်းကိစ္စရှိသည်၏အဖြစ်ကိုဍင်း။ တထာ။ထိုမှတပါး။ အနဝဇ္ဇဂုဏော။အပြစ်မရှိသောဂုဏ်နှင့် ပြည့်စုံခြင်းကိုဍင်း။ ရသောနာမ။ဟူ၍။ပဝုစ္စတိ။၏။ ။အဋ္ဌသာလိနီ။ ။ဤသို့ဆုံးဖြတ်အပ်သောအဆုံးအ

ဖြတ်ကိုကား။ ထေရာပါဠိတော်ရင်းအဋ္ဌကထာတို့နှင့်အညီမှတ်။
ရင်းပါဠိအဋ္ဌကထာတို့၌ကား။ ဤသို့လာ၏။ ။သတလိင်္ဂဿ
အတ္ထဿ။ သတလက္ခဏဓာရိနော။ ဧကင်္ဂဒဿီဒုမ္မေဓော။ သတ
ဒဿီစပဏ္ဍိတောတိ ဂါထံအဘာသိ။ ။သတလိင်္ဂဿာတိ။ လိ
နမတ္ထံ ဂမေန္တီတိ လိင်္ဂါနိ။ အတ္ထေသု သဒ္ဒသာ ပဝတ္တနိမိတ္တာနိ။
တာနိပနသတံ အနေကာနိ လိင်္ဂါနိ ဧတဿာတိ သတလိင်္ဂေါ။ အ
နေကတ္ထာဘိဓာယကသဒ္ဒေါ သတံ သဟဿန္တိ အာဒီသုဝိယ။
နသင်္ချာဝိသေသဝစနော။ တဿ သတလိင်္ဂဿ။ အတ္ထဿာတိ ဥဘ
ယဿ။ ဥဘယံ ဟိ ဉာဏေန အရဏီယတော အတ္ထောတိ ဝုစ္စ
တိ။ သောစ ဧကောပိ အနေကလိင်္ဂေါ။ ယထာ သက္ကော ပုရိန္ဒဒေါ
မဃဝါ။ ပညာဝိဇ္ဇာမေဓာဉာဏန္တိ စ။ ယေန လိင်္ဂေန ပဝတ္တနိမိတ္တေ
နတာဝတိံသာဓိပတိမှိ ဣန္ဒသဒ္ဒေါ ပဝတ္တော။ နတေန တတ္ထ သက္ကာဒိ
သဒ္ဒါ ပဝတ္တာ။ အထခေါ အညေန တထာ ယေန သမ္မာဒိဋ္ဌိမှိ ပညာ
သဒ္ဒေါ ပဝတ္တော။ နတေန ဝိဇ္ဇာဒိသဒ္ဒါ ပဝတ္တာ။ တေန ဝုတ္တံ သတ
လိင်္ဂဿ အတ္ထဿာတိ။ သတလက္ခဏဓာရိနော အနေကလက္ခ
ဏဓာရိနော။ အနေကလက္ခဏဝတော။ လက္ခီယတိ ဧတေနာတိ
လက္ခဏံ။ ပစ္စယဘာဝိနော အတ္ထဿ အတ္တနော ဖလံ ပဋိပစ္စယ
ဘာဝေါ။ တေနဟိ သော အယံ ဣမဿ ကာရဏန္တိ လက္ခီယတိ။
သောစ ဧကေဿဝ အတ္ထဿ အနေကပဘေဒေါ ဥပလဗ္ဘတိ။ တေ
နာဟ သတလက္ခဏဓာရိနောတိ။ အထဝါ။ လက္ခီယန္တီတိ လက္ခ
ဏာနိ။ တာဿတဿ အတ္ထဿ သဘာဝတာဒယော ပကာရဝိသေ
သာ။ တေပန အတ္ထတော အဝတ္ထာဝိသေသာ ဝေဒိတဗ္ဗာ။ တေစပန
တေသံ အနိစ္စတာဒိသာမညလက္ခဏံ လိင်္ဂန္တိ ဉာပေန္တီတိ လိင်္ဂါ
နီတိ ဝုစ္စန္တိ။ တဿိမေ အာကာရယာဘူဝါ ဧကဿပိ အတ္ထဿ အ
နေကေ ဥပလဗ္ဘန္တိ။ တေန ဝုတ္တံ။ သတလိင်္ဂဿ အတ္ထဿ။ သတ
လက္ခဏဓာရိနောတိ။ တေနာဟ အာယာဘူဝါ ဗဟူဝေသနာပတိ။ သဗ္ဗေ
ဓမ္မာ သဗ္ဗာကာရေန ဗုဒ္ဓဿ ဘဂဝတော ဉာဏမုခေ အာပါထံ
အာဂစ္ဆန္တီတိ။ ဧကင်္ဂဒဿီ ဒုမ္မေဓောတိ ဧဝံ အနေကလိင်္ဂေ အ

နေက လက္ခဏော အဝေဇ္ဈော ယော တတ္ထကောဂ် ဒဿီအပုထု
ပညာတာယ ကေလိဂ်မတ္တံကေ လက္ခဏာ မတ္တစ္ဆ ဒိသွာအတ္တနာ
ဒိဋ္ဌ မေ ဝ ဉာဒ မေဝ သစ္စန္တိ အဘိ နိဝိ သိတွာ မော ဃာ မ
ညန္တိဉာတရံပဒိုက္ခိပတိ။ ဟတ္ထိဒဿ အန္ဓာဝိယ။ ကောဂ်ဂါဟိ
ဒုမ္မေဓောဒုပ္ပညော တတ္ထဝိဇ္ဇမာနာနံယေဝ ပကာရဝိသေသာနံ
အဇာနနတော မိစ္ဆာ ဘိနိဝေသတောစ။ သတ ဒဿီစ ပဏ္ဍိ
တောတိ။ ပဏ္ဍိတောပနတတ္ထဝိဇ္ဇမာနေအနေကေပိ ပကာရေ
အတ္တနောပညာစက္ခုနာသမ္ဗောပဿတိ။ ယောဝါတတ္ထလက္ခ
မာနေအနေကေပညာ စက္ခုနာအတ္တနာပိပဿတိ။ အဉ္ဉေသံပိ
ဒဿေတိပကာသေတိ။သောပဏ္ဍိတောတိဝိစက္ခဏောအဝ္ဓေ
သုကုသလော။ ။ဒုမ္မေဓော။ ပညာမရှိသော။ဝါ။ ပညာကင်း
သောသူသည်၊ သတလိင်္ဂသ၊ တခုသောအနက်၌ များသော
ပရိယာယ်သဒ္ဒါရှိသော။ သတလက္ခဏာ ခါရိနော၊ တခုသော
အနက်၌များသော သတ္တိတည်းဟူသော ပဝတ္တိနိမိတ်၊ အဝတ္ထာ
ဘောဂုဏ်ဟု ဆိုအပ်သော လက္ခဏာ ကိုလည်း ဆောင်တတ်
သော။ အတ္ထ သဲ၊ ဥပလက္ခဏဟူသော ငါးပါးသောအနက်၏။
ကောဂ်ဒဿီ၊ တခုသောအနက်၌တခုသောသဒ္ဒါတခုသောသတ္တိ
တည်းဟူသောပဝတ္တိနိမိတ်တခုသောအဝတ္ထာဘောဂုဏ်ဟုဆို
အပ်သော လက္ခဏာကိုမြင်လေ့ရှုလေ့ရှိ၏။ ပဏ္ဍိတော။ ပညာ
ရှိသောသူသည်။ သတဒဿီစ။ တခုသောအနက်၌များသော
ပရိယာယ်သဒ္ဒါများသောသတ္တိတည်းဟူသောပဝတ္တိနိမိတ်များ
သော အဝတ္ထာဘောဂုဏ်ဟု ဆိုအပ်သော လက္ခဏာကိုလည်း
မြင်လေ့ရှုလေ့ရှိ၏။ ။တတ္ထတံသံဂါထာယံ။၌။သတလိင်္ဂသော
တိပဒေ၌။အဝ္ဓော။ဝစနတ္ထကို။ ဇေံ။သို့။ ဝေဒိတဗ္ဗော။၏။ယာနိ
ခမ္မဇာတာနိ၊ အကြင်သတ္တိတည်းဟူသော ပဝတ္တိနိမိတ်ဟု ဆို
အပ်သောလက္ခဏာတို့သည်။လိနမတ္တံ။လျှို့ဝှက်သောအနက်ကို။
ဂမေန္တိ။သိစေတတ်ကုန်၏။ ဉာတိတဗ္ဗာ။ကြောင့်။ တာနိ ခမ္မဇာ
တာနိ။တို့သည် ။လိင်္ဂါနိ။၏။အဝ္ဓောသု၊ ဥပလက္ခဏငါးပါးတည်း

ဟူသောအနက်တို့၌။သဒ္ဒဿ။၏။ပဝတ္တနိမိတ္တာနိ။ ဖြစ်ကြောင်း
ဖြစ်ကုန်သောသတ္တိတည်းဟူသောပဝတ္တနိမိတ်ဟုဆိုအပ်သော
လက္ခဏာတို့ကို။ လဗ္ဘန္တိ။ ကုန်၏။ တာနိပန။ ထိုပဝတ္တနိမိတ်
လက္ခဏာတို့သည်ကား။ ဧတေသ။ ထိုသဒ္ဒါအား။ သတံအနေ
ကာနိ။ များစွာကုန်သော။ လိင်္ဂါနိ။ သတ္တိတည်းဟူသောပဝတ္တ
နိမိတ်ဟုဆိုအပ်ကုန်သောလက္ခဏာတို့သည်။ သန္တိ။ရှိကုန်၏။
ဣတိတဗ္ဗာ။ကြောင့်။သောသဒ္ဒေါ။သည်။သတလိင်္ဂေါ။မည်၏။
ဟိသဒ္ဒံ။၏။ ဣဝ။ ဤသတလိင်္ဂေါဟူသောပုဒ်၌။ သတသဒ္ဒေါ။
သည်။ သတံသဟဿန္တိအာဒီသုဝိယ။ ကဲ့သို့။ အနေကဿော။
ရှိ၏။သင်္ခါဝိသေသသဒ္ဒေါ။ တရာဟူသောရေတွက်ခြင်းသင်္ချာ
အထူးကိုဟောသောသဒ္ဒါသည်။နဟောတိ။မဖြစ်။ တဿသတ
လိင်္ဂဿ။ထိုများသောအနက်ရှိသောသဒ္ဒါ၏။အတ္ထသာတိ။ဟူ
သည်ကား။ ဉေယျဿ။ ဉေယျဓမ္မ တရား ၅ ပါး၏။ ဟိသဒ္ဒံ။
၏။ ဉေယျံ။ ဉေယျဓမ္မ တရား ၅ ပါးကို။ ဉာဏေန။ သဗ္ဗညု
တ ဉာဏ်တော်ဖြင့်။ အခရ ဏိယ တော။ သိအပ်သောကြောင့်။
အတ္ထောတိ။ အတ္ထဟူ၍။ ဝုစ္စတိ။၏။ဧကောပိ။ တပါးသာလျှင်
ဖြစ်သော။ သောစ။ ထိုဉေယျဓမ္မတရား ၅ ပါးတည်း ဟူသော
အနက်သည်။ အနေကလိင်္ဂေါ။ များသောပရိယာယ်သဒ္ဒါရှိ၏။
သက္ကော ပုရိန္ဒဒေါမဃဝါဣတိအာဒီသုစ။ တို့၌၎င်း။ ပညာဝိဇ္ဇာ
ဉာဏံဣတိအာဒီသုစ။ တို့၌၎င်း။ ကေသွံ။ တခုသောသိကြားဟူ
သောအနက်။တခုသောပညာဟူသောအနက်၌။အနေကလိင်္ဂေါ
ယထာ။ များသောပရိယာယ်သဒ္ဒါရှိသကဲ့သို့တည်း။ ပဝတ္တနိ
မိတ္တေန။သဒ္ဒပဝတ္တနိမိတ်ဟုဆိုအပ်သော။ယေနလိင်္ဂေန။အကြင်
အစိုးရသည်၏ အဖြစ်တည်းဟူသော လက္ခဏာအားဖြင့်။ တာ
ဝတိံသာဓိပတိမှိ။ သိကြားမင်းဟူသော အနက်၌။ ဣန္ဒသဒ္ဒေါ။
သည်။ပဝတ္တော။၏။ တေန။ ထိုအစိုးရသည်၏ အဖြစ်တည်းဟူ
သောပဝတ္တ နိမိတ်ဟု ဆိုအပ်သော လက္ခဏာဖြင့်။ တဿ။ ထို
သိကြားဟူသောအနက်၌။သက္ကာဒိသဒ္ဒါ။သက္ကအစရှိသောသဒ္ဒါ

တို့သည်။ နုပဝတ္တာ။ မဖြစ်ကုန်။ အထခေါ။ စင်စစ်သော်ကား။
အညေနု။တပါးသောသက္ကသမတ္တန သတ္တိတဉ်းဟူသောပဝတ္တ
နိမိတ်ဟု ဆိုအပ်သော လက္ခဏာဖြင့်။ သက္က သဒ္ဒေါ။ သည်။ပ
ဝတ္တော။၏။ တထာ။ ထိုမှတပါး။တေန။ ထိုကောင်းစွာမြင်ခြင်း
တည်းဟူသော ပဝတ္တနိမိတ် လက္ခဏာဖြင့်။ ဝိဋ္ဋာဒိသဒ္ဒါ။ တို့
သည်။နုပဝတ္တာ။ကုန်။တေန။ ကြောင့်။သတလိင်္ဂဿာတိ။ဟူ၍။
ဝုတ္တံ။၏။ ။သတလက္ခဏာခါရိနောတိ။ဟူသည်ကား။အနေ
ကလက္ခဏာ ဝတော။များသောသတ္တိတည်းဟူသောပဝတ္တနိမိတ်
ဟုဆိုအပ်သော လက္ခဏာရှိသော ဥယျတရား ၅ ပါးတည်းဟူ
သောအနက်၏။ ဧတေန။ ထိုပဝတ္တနိမိတ်ဟုဆိုအပ်သောကိစ္စ
ဖြင့်။ ဝါ။ သတ္တိဖြင့်။ လက္ခိတဗ္ဗံ။ မှတ်အပ်သော ဥယျတရား
၅ ပါးတည်းဟူသောအနက်ကို။ လက္ခိယတိ။၏။ ဣတိတသ္မာ။
ကြောင့်။တံ။ထိုသတ္တိတဉ်းဟူသောပဝတ္တနိမိတ်ဟုဆိုအပ်သော
ကိစ္စသည်။ လက္ခဏံ။၏။ ပစ္စယာဘာဝိနော။ အကြောင်း သတ္တိ
တဉ်းဟူသောပဝတ္တနိမိတ်ဟုဆိုအပ်သောလက္ခဏာကြောင့်ဖြစ်
လေ့ ရှိထသော။ အတ္တသော။ဥယျဓမ္မ ၅ ပါးတည်းဟူသောအ
နက်၏။ အတ္တနော။ မိမိဟုဆိုအပ်သော ဥယျဓမ္မ ၅ ပါတည်း
ဟူသောအနက်၏။ ဗလံ။ အစွမ်းကို။ ပတိပစ္စယာဘာဝေါ။စွဲ၍
ဖြစ်ကြောင်း အားဖြင့် ဖြစ်သောလက္ခဏာတည်း။ တေနဟိ။ထို
ကြောင့်လျှင်။သော်အယံလက္ခဏော။သည်။ဣမဿ။ဤအနက်၏။
ကာရဏံ။အကြောင်းတည်း။ဣတိ။ သို့။လက္ခိယတိ။၏။သောစ။
ထိုအတ္တကိုလည်း။ဝါ။ပဝတ္တနိမိတ်ကိုလည်း။ဧကသော ဝအတ္တသာ
တချသောဥယျဓမ္မတရား ၅ပါးတည်းဟူသောအနက်၏။အနေ
ကပ္ပဘေဒေါ။ကို။ဝါ။အထူးကို။ဥပလ ဗ္ဘတိ။၏။တေန။ကြောင့်။
သတလက္ခဏာခါရိနောတိ။ဟူ၍။ အာဟ။ပြီ။အထဝါ။ တနည်း
ကား။ယာနိ၊မဓမ္မဓါတါနိ။အကြင်သင်္ခတတရားတို့၏။ဥပါဒ်ဌီဘင်
တည်းဟူသောအဝတ္တာဘောဂဏ်တို့ကို။ လက္ခိယန္တိ။ကုန်၏။
ဣတိတသ္မာ။ ကြောင့်။ တာနိ။ ထိုအဝတ္တာဘောဂဏ်တို့သည်။

လက္ခဏာနိ။ မည်ကုန်၏။ တဿ၊ တာသာအဇ္ဈသ။ ထိုထိုသို့
သောဉေယျဓမ္မ တရား ၅ ပါးတည်းဟူသောအနက်၏။ သဒ်တ
တာဒယော။ ပြုပြင်အပ်သောအဖြစ်အစရှိကုန်သော။ ပကာရဝိ
သေသာ။ အခြင်းအရာဟုဆိုအပ်သောအာကာရအထူးတို့တည်း။
တေပန။ ထိုအာကာရအထူးတို့ကား။ အတ္ထတော။ အနက်အားဖြင့်။
အဝတ္ထာဝိသေသာ။ ဥပါဒ်ဌီဘင်ဟုဆိုအပ်သော အခိုက်အတန့်
အထူးတို့ကို။ ဝေဒိတဗ္ဗာ။ ကုန်၏။ တေစပန။ ထိုအခိုက်အတန့်အ
ထူးတို့ကိုလည်း။ တေသံ။ ထိုဉေယျဓမ္မ တရား ၅ ပါးတည်းဟူ
သောအနက်တို့၏။ အနိစ္စတာဒိသာမညလက္ခဏံ။ အနိစ္စအဖြစ်
အစရှိသောသာမညလက္ခဏာကို။ ဝါ။ အနိစ္စဒုက္ခအနတ္တ၏အ
ဖြစ်တည်းဟူသောလက္ခဏာကို။ လိင်္ဂန္တိ ဉာပေန္တိ။ သိစေတတ်
ကုန်၏။ ဣတိ။ ကြောင့်။ လိင်္ဂါနီတိ။ ဟူ၍။ ဝုစ္စန္တိ။ ကုန်၏။ တဿ။
ထိုဉေယျဓမ္မ တရား ၅ ပါးတည်းဟူသောအနက်၏။ ဣမေအာ
ကာရာ။ ဤဥပါဒ်ဌီဘင်တည်းဟူသောအခြင်းအရာအာကာရတို့
သည်။ ယသ္မာ။ ကြောင့်။ ဧကဿပိအတ္ထဿ။ တခုသောအနက်
၏လည်း။ အနေကာ။ များစွာကုန်သောဥပါဒ်ဌီဘင်တည်းဟူသော
သာမညအခြင်းအရာအာကာရအထူးတို့ကို။ ဥပလက္ခန္တိ။ ကုန်၏။
တေန။ ကြောင့်။ သတလိင်္ဂဿ အတ္ထဿ သတလက္ခဏာဝါရိနော
တိ။ ဟူ၍။ ဝုတ္တံ။ ပြီ။ တေန။ ကြောင့်။ အာယသ္မာဓမ္မသေနာပတိ။
တရားစစ်သူကြီး ဖြစ်သော အရှင်သာရိပုတ္တရာ မထေရ် သည်။
သဗ္ဗေဓမ္မာ။ လ။ အာဂန္တုကန္တိ။ ဟူ၍။ အာဟ။ ပြီ။ ။ ဤအရာ၌။
သတ္တိပ်ဝတ္ထုနိမိတ်တည်းဟူသော ဝိသေသ လက္ခဏာဟူသော
အကြောင်းကို။ ဥပါဒ်ဌီဘင်တည်းဟူသောအဝတ္ထာဘေဒဂုဏ်
ဟုဆိုအပ်သောသာမညလက္ခဏာအကြောင်းဖြင့်။ အထဝါသန္ဒါ
နှင့်လဲ၍ဆိုသည်။ ။ ကေဂ်ဒသသီဒမ္မေဓါတိ။ ဟူသည်ကား။
ဇေံဆုမိနာဝုတ္တနယေန။ ဖြင့်။ အနေကလိင်္ဂေ။ များသောသတ္တိဂ်
ရှိသော။ ဝါ။ များသောပဝတ္တနိမိတ်ရှိသော။ အနေကလက္ခဏော။
များသောဥပါဒ်ဌီဘင်တည်းဟူသောအဝတ္ထာဘေဒဂုဏ်ဟုဆို

အပ်သော လက္ခဏာရှိသော။ အဋ္ဌေ။ ဥဒယဗ္ဗ တရား ၅ ပါး
တည်းဟူသောအနက်။ ဝါ။ သင်္ခတတရားတည်းဟူသောအနက်၌။
ယောပုဂ္ဂလော။ သည်။ တတ္ထ။ ထိုများသောပရိယာယ်သဒ္ဒါ။ များ
သောပစ္စယနိမိတ်လက္ခဏာရှိသောအနက်၌။ ကောဂ်ဒဿီ။ တခု
သောအနက်၌တခုသောပစ္စယနိမိတ်။ တခုသောလက္ခဏာဟုဆို
အပ်သောအစိတ်မျှကိုသာမြင်လေ့ရှုလေ့ရှိ၏။ အပုထုပညတာ
ယ။ ပညါဉာဏ်ကင်းသည်၏အဖြစ်ကြောင့်။ ကေလိဂ်မတ္တဒ္ဒ။ တ
ခုသေါအနက်၌တခုသေါသဒ္ဒါမျှကို၎င်း။ ကေလက္ခဏာမတ္တဒ္ဒ။ တ
ခုသောအနက်၌တခုသောပစ္စယနိမိတ်။ တခုသောအဝတ္ထာဘော
ဂဏ်ဟု ဆိုအပ်သော လက္ခဏာမျှကို ၎င်း။ ဒိသွာ။ မြင်သော
ကြောင့်။ အတ္တနာ။ မိမိသည်။ ဒိဋ္ဌမေဝ။ မြင်အပ်သောဉာဏ်အမြင်
ကိုသာလျှင်။ ဣဒမေဝ။ ဤငါ၏ ဉာဏ် အမြင်သည်သာလျှင်။
သစ္စံ။ မှန်၏။ ဣတိ။ သို့။ အဘိနိဝိသိတွာ။ ဘောံပြန်သောအားဖြင့်
နှလုံးသွင်း၍။ အညံ။ သူတပါး၏အမြင်သည်။ မောဃံ။ တည်း။ ဣတိ။
ဤသို့ဆို၍။ ဣတရံ။ သူတပါးတို့၏ ဉာဏ်အမြင်ကို။ ပဋိက္ခိပတိ။
ပယ်၏။ ကိမိဝ။ အဘယ်ကဲ့သို့နည်းဟူမူကား။ ဟတ္ထိဒဿအန္ဓါ
ဝိယ။ ဆင်ကိုတစိတ်အားဖြင့်မြင်၍ ကန်းသောသူကဲ့သို့တည်း။
ဒုမ္မေဓော။ ပညာကင်းသော။ ဒုပ္ပညော။ ပညာမရှိသောသူသည်။
တတ္ထ။ ထိုဥဒယဗ္ဗတရား ၅ ပါးတည်းဟူသောအနက်၌။ ဝိဇ္ဇမာနာနံ
ပေဝ။ ထင်ရှားရှိသည်သာလျှင်ဖြစ်ကုန်သော။ ပကာရဝိသေသာ
နံ။ ပစ္စယနိမိတ်တည်းဟူသောအထူးတို့ကို၎င်း။ ဝါ။ ဥပါဒ်ဌီဘင်
တည်းဟူသောအဝတ္ထာဘောဂဏ်ဟုဆိုအပ်သောအထူးတို့ကို
၎င်း။ အဇာနနတော စ။ မသိသောအားဖြင့်၎င်း။ မိစ္ဆာဘိနိဝေသ
တော စ။ မှားသောအားဖြင့်နှလုံးသွင်းခြင်းအားဖြင့်၎င်း။ ကောဂ်ဂါ
ဟီ။ တခုသောအနက်၌တခုသောသဒ္ဒါ။ တခုသောပစ္စယနိမိတ်။
တခုသောလက္ခဏာတစိတ်ကိုသာယူလေ့ရှိ၏။ သတဒဿီ စ
ပဏ္ဍိတော တိ။ ဟူသည်ကား။ ပဏ္ဍိတော ပန။ ပညာရှိသော
သူသည်ကား။ တတ္ထ။ ထိုဥဒယဗ္ဗ တရား ၅ ပါးတည်းဟူသော

အနက်၌။ ဝိဇ္ဇမာနေ။ ထင်ရှားရှိကုန်သော။ အနေကေပိ။ များစွာ
လည်းဖြစ်ကုန်သော။ ပကာရေ။ ပရိယာယ်သဒ္ဒါ ပဝတ္တနိမိတ်
လက္ခဏာတည်းဟူသောအထူးကို။ အတ္တနော။ ၏။ ပညာစက္ခု
နာ။ ဖြင့်။ သဗ္ဗသော။ အချင်းခပ်သိမ်း။ ပဿတိ။ ၏။ ဝါ။ ကား။ ယော
ပုဂ္ဂလော။ သည်။ တတ္ထ။ ထိုများသောပရိယာယ်သဒ္ဒါ၊ များသော
ပဝတ္တိနိမိတ်လက္ခဏာရှိသောအနက်၌။ လဗ္ဘမာနေ၊ ကုန်သော။ အ
နေကေ။ ကုန်သော။ ပကာရေ။ တို့ကို။ ပညာစက္ခုနာ။ ဖြင့်။ အတ္တနာ
ပိ။ သည်လည်း။ ပဿတိ။ မြင်၏။ အညေသမ္ပိ။ တို့အားလည်း။
ဒဿေတိ။ ၏။ ပကာသေတိ။ ၏။ သောပုဂ္ဂလော။ သည်။ မုတ္တိ
တော။ အပြားအားဖြင့် သိသော ပညာရှိသော ပုဂ္ဂိုလ် မည်၏။
ဝိစက္ခဏော။ အထူးသဖြင့်မြင်နိုင်သော ပညာရှိပုဂ္ဂိုလ်မည်၏။
အတ္ထေသု။ ဉေယျတရား ၅ ပါးသောအနက်တို့၌။ ကုသလော
နာမ။ လိမ္မာသောပုဂ္ဂိုလ်မည်၏။ ဉာတိ။ သို့။ ဝေဒိတဗ္ဗော။ ၏။ ။
ဤကားအနက်။ ။

သတလိင်္ဂသအတ္ထသ။ စသော ဂါထာဒေသနာ၏ အဓိပ္ပါယ်
ကား။ ဉေယျဓမ္မတရားငါးပါးတည်းဟူသောအနက်အပေါင်းတို့
တွင်။ တခုခုသောအနက်၌ မထင်ရှားသောသဒ္ဒါ ပဝတ္တနိမိတ်
တည်းဟူသော သတ္တိသည်။ လက္ခဏာမည်၏။ ထင်ရှားသော
ဗျုပ္ပတ္တိနိမိတ်တည်းဟူသောကိစ္စသည်ရသမည်၏။ ထိုအနက်
၏ ဂုဏ်ဟုဆိုအပ်သောအခြင်းအရာအာကာရအထူးသည်၎င်း။
ထိုအနက်၏ အကျိုးဟုဆိုအပ်သော ဖလသည်၎င်း။ ပစ္စုပဋ္ဌာန်
မည်၏။ ထိုအနက်၏နီးစွာသော အကြောင်းသည် ပဒဋ္ဌာန်မည်
၏။ ဤသည်ကား ဝိသေသဖြစ်သော လက္ခဏာရသ ပစ္စုပဋ္ဌာန်
ပဒဋ္ဌာန်တည်း။ သာမညဖြစ်သောလက္ခဏာရသပစ္စုပဋ္ဌာန်ပဒဋ္ဌာန်
ကား။ တေဘူမကဓမ္မတို့တွင်။ တခုခုသောဓမ္မ၌ထင်ရှားသောဥပါ
ဒလက္ခဏာဘင်္ဂလက္ခဏာအခိုက်အတန့်အထူးဟုဆိုအပ်သော အခြင်း
အရာအါကာရဟုဆိုအပ်သောဂုဏ်သည်လက္ခဏာမည်၏။ ဥပါဒ်
ဆဲတည်ဆဲဟုဆိုအပ်သောကိစ္စသည်ရသမည်၏။ ချုပ်ပြီး၍ ထင်

ရှားမရှိကင်းလွတ်ခြင်းတည်းဟူသောဂုဏ်သည်ဇရင်း။မိမိမှအနုဿရာဒိပစ္စည်းကိုရ၍။နေ့ံနေ့ံ၌ဖြစ်လတ့ံသောချုပ်နာမ်တည်းဟူသောအကျိုးဖလသည်ဇရင်း။ပစ္စုပ္ပန်မည်၏။ရှေ့အဘို့ကာလမိမိကိုဖြစ်စေတတ်သော အနုဿရာဒိပစ္စည်း အစရှိသောအကြောင်းသည်ပဒဋ္ဌာန်မည်၏။ဤကား သာမညလက္ခဏာရသပစ္စုပ္ပန္နဋ္ဌာန် ပဒဋ္ဌာန်တည်း။ ။ပရမတ္ထတရားဟူသည်။အလွန်သိမ်မွေ့နက်နဲခက်ခဲသည်၏အဖြစ်ကြောင့်။အပ်သိမ်မွေ့သည်ရှိသော်။ အပ်လျှိုရာ သိမ်မွေ့ရာသကဲ့သို့။ သဘောရင်းက သိမ်မွေ့သည်ဖြစ်၍။ထိုသဘော တရားတို့၏ လက္ခဏာရသပစ္စုပ္ပန္နဋ္ဌာန် ပဒဋ္ဌာန်တို့သည် လည်း အလွန်နက်နဲ သိမ်မွေ့ ကုန် ၏။ ။ဂုံချိုခွေးတောက်မြောက်တချင်စသောနွယ်တို့သည်။ အခက်အလက်ဝေဆာ၍။ ယူဇနာတရာတိုင်တိုင်အညွန့်အခက်အရွက်သွားသော်လည်း။အရင်းမူလဖြစ်ရင်းစကိုရှာသော်ရေသောက်မြစ်လျှင်အဆုံးရှိသကဲ့သို့။ ထိုထိုသဘာဝဓမ္မပရမတ္ထတရားတို့သည်။ ဝစနတ္ထဓမ္မလက္ခဏာရသပစ္စုပ္ပန္နဋ္ဌာန်ပဒဋ္ဌာန်သို့ရောက်မှ သဘောရင်းမူလဖြစ်ကုန်ရာသည်။ ဤကားလက္ခဏာ။ ဤကားရသ။ ဤကားပစ္စုပ္ပန္နဋ္ဌာန်။ဤကားပဒဋ္ဌာန်ဟုဝေဘန်ခြင်းငှာခဲယဉ်း၏။အလွန်လေးလှစွါသောသိပ်တွေခဲ၌။သလွဲစိုင်သလွဲတုံးတို့ကိုထပ်၍ တင်ပြန်သကဲ့သို့။ သဘောအားဖြင့်ခဲယဉ်းသော သဘာဝဓမ္မပရမတ္ထတို့၏ အထက်၌။ လက္ခဏာ ရသ ပစ္စုပ္ပန္နဋ္ဌာန် ပဒဋ္ဌာန်တို့ကို တင်လျက်ပိုင်းခြားဝေဘန်၍ မှတ်သားရခြင်းသည်အလွန်ပင်ခဲယဉ်းလှစွာ၏။ထိုကြောင့်အဋ္ဌကထာ၌။ ။ဝစနတ္ထလက္ခဏာရဲ့သာဒိဟိဓမ္မာဝေပရိယေသိတဗ္ဗာဟုဆို၍ မိန့်ကုန်၏။ ။ဝစနတ္ထလက္ခဏာရသာဒိဟိ။ ဝိဂြိုဟ်ဝစနတ်ဗျုပ္ပတ္တိအနက်လက္ခဏာရသစသည်တို့ဖြင့်။ဓမ္မာဝေ။ပရမတ္ထသဘောတရားတို့ကိုသာလျှင်။ ပရိယေသိတဗ္ဗာ။ရှာမှီးအပ်၏။ ။ဤသို့လျှင်အဋ္ဌကထာဆရာမြတ်မိန့်အပ်သည်နှင့်အညီ။ ဝိဂြိုဟ်ဝစနတ်ဗျုပ္ပတ္တိအရာမှာ။ သဒ္ဒါရေးဖြစ်၍ လျှစ်လျူရှုပြီးလျှင်။ လက္ခဏာရသ ပစ္စုပ္ပန္နဋ္ဌာန် ပဒဋ္ဌာန်ကို

သာပြဆိုတော္အံ့။ ထိုစကားကိုအကျယ်ချဲ၍ ဆိုဦးအံ့။လက္ခဏာ
ရသ ပစ္စုပဋ္ဌာန် ပဒ ဋ္ဌာန် တို့ဖြင့် ဝေ ဘန် ပိုင်း ခြား မှတ် သား
နိုင်မှု။ သဘာဝ ဓမ္မ ပရ မတ္ထ ဓမ္မ တို့ကို ဤတရား ကား ဤသို့
သဘော ရှိ၏။ ဤသို့ စသည်ဖြင့် ယောဂါ ဝစရ ပုဂ္ဂိုလ် အသိ
ဉာဏ်၌။ လက္ခဏာအားဖြင့်ထင်မြင်လွယ်ရာသည်။ အနိစ္စနက္ခ
အနတ္တ လက္ခဏာကို ယူသည်ကား။ အလုံးစုံသောသင်္ခါရပရ
မတ္ထတို့၏၊ သာမညလက္ခဏာတို့တည်း။ စိတ်၏အာရုံကို သိ
ခြင်းဝိဇာနနလက္ခဏာ။ ဖဿ၏အာရုံကိုတွေ့ခြင်း ဖုသနလက္ခ
ဏာ။ အစရှိသည်တို့ကား ဝိသေသလက္ခဏာတို့တည်း။ ကြွင်း
သည့်လက္ခဏာ ရသပစ္စုပဋ္ဌာန်ပဒဋ္ဌာန်တို့ကား။ ပရမတ္ထသာဖြစ်
ထိုက်သည်မဟုတ်သေး။ရှိရှိသမျှသမုဟာပညတ်ဒဗ္ဗသမ္ဘာရတို့
၌လည်းဖြစ်သင့်ဖြစ်ထိုက်ကုန်သည်သာတည်း။ ထို့ကြောင့်ထင်
မြင်လွယ်သောပညတ်နှင့်ရှေးဦးစွာတင်ပြီး၍။နောက်မှပရမတ္ထ
တရားနှင့်တင်ပြအံ့။ ။ဤလောက၌မီးသည်ပူသည်။ပူလောင်
စေတတ်သောသဘောဟု ဆိုအပ်သော ဒဟနလက္ခဏာ ရှိ၏။ ပူ
လောင်ခြင်းကိစ္စရသရှိ၏။အခိုးအရှိန်အဝါအားဖြင့်ဖြစ်ခြင်းလျှင်
ထင်သောအခြင်းအရာ ရူမဝေဂုဋ္ဌာနပစ္စုပဋ္ဌာန်ရှိ၏။ ပွတ်ခုံပွတ်
ကျည်သံကျောက်အစရှိသည်တို့လျှင် နိုးစွာသောအကြောင်းအ
ရဏီအာဒိပဒဋ္ဌာန်ရှိ၏။ ထို ၄ ပါးတို့တွင်။ လက္ခဏာရသတို့အ
ထူးကား။ ။မထင်သတ္တိထင်ဗျတ္တို။သတ္တိမထင်ဗျတ္တိမြင်။ခေါ်
တွင်ရှေးရှေးဆရာ။ဟူသည်နှင့်အညီ။မထင်သောသဘောဟု ဆို
အပ်သောသတ္တိသည် လက္ခဏာမည်၏။ ထင်သောသဘောဟု
ဆိုအပ်သောဗျတ္တိသည်ရသမည်၏။ဤကားအထူးတည်း။ ။
လက္ခဏာသည်သဘာဝလက္ခဏာသာမညလက္ခဏာအားဖြင့်
၂ ပါးရှိ၏။ ထိုတွင်။လက္ခိယတိလက္ခိတဗ္ဗံအနေနာတိ လက္ခဏံ
ဟူသောဝစနတ္ထနှင့်အညီ။ ခပ်သိမ်းသောတရားတို့၏ မိမိတို့၏
သဘောသည်။ သဘာဝ လက္ခဏာမည်၏။ လက္ခိယတိလက္ခိ
တဗ္ဗံတေနာတိလက္ခဏံ ဟူသောဝစနတ္ထနှင့် အညီ။ ခပ်သိမ်း

သောတရားတို့၏ အချင်းချင်းတူသည်၏ အဖြစ်တည်းဟူသော ဓာတ်သည် သါမညလက္ခဏာမည်၏။ ထိုကြောင့်သဘာဝေါဝါ သာမညံ့ဝါလက္ခဏံနာမ။ ဟုအဋ္ဌကထာ၌မိန့်အပ်၏။ ။သာမညံ့ ဟူသောပုဒ်ကို။ သမဏာသဘာါဝေါသာမညံဟုဝစနတ္ထမမှုလင့်။ သမာနသဿဘာဝေါသာမညံဟုဝစနတ္ထမှုလေ။ ။သမာနဿ။ အချင်းချင်းတူသည်၏။ ဘာဝေါ။ အဖြစ်တဉ်း။ ဝါ။ ဓာတ်တည်း။ သာမညံ့။ အချင်းချင်းတူသည်၏ အဖြစ်။ ဝါ။ ဓာတ်။ ။ရသသည်လည်း။ ကိစ္စရသ။ သမ္ပတ္တိရသဟူ၍ ၂ ပါးရှိ၏။ ထိုတွင်။ ကရောတိဖလံ့နိပ္ဖါဒေတီတိကိစ္စံ။ ဟူသည်နှင့်အညီ။ ထိုထိုသို့သေါသဘာဝတရားတို့၏ အကျိုးပြီးခြင်းဟုဆိုအပ်သောဗျတ္တိသည်ကိစ္စရသမည်၏။ ဖလံသမ္ပဇ္ဇတေသမ္ပတ္တိဟူသော ဝစနတ္ထနှင့်အညီ။ ထိုထိုသို့သောသဘောတရားတို့၏ ဂုဏ်ဟု ဆိုအပ်သောပြည့်စုံခြင်းသည်သမ္ပတ္တိ ရသမည်၏။ ထို့ကြောင့် ကိစ္စံဝါ သမ္ပတ္တိဝါရသောနာမဟူ၍ အဋ္ဌကထာဆရာမိန့်အပ်သည်။ ရသ...ဒ္ဒါကို ကား။ ရသေတိဖလံ နိပ္ဖါဒေတီတိ ရသောဟု ဝိဂြိုဟ်ပြု။ ပစ္စုပဋ္ဌာန်သည်လည်း။ ဥပဋ္ဌါနာကာရပစ္စုပဋ္ဌာန်။ ဖလပစ္စုပဋ္ဌာန်အားဖြင့် ၂ ပါးရှိ၏။ ထိုတွင်။ သကာသတျာနုရူပံ ပဋိပဋ္ဌာဥပဋ္ဌာနံပစ္စုပဋ္ဌာနံ။ ဟူသည်နှင့်အညီ။ ဂုဏ်ဟုဆိုအပ်သောဉာဏ်အားရှေ့ရှုထင်သော အခြင်းအရာသည် ဥပဋ္ဌာနာကာရ ပစ္စုပဋ္ဌာန် မည်၏။ ။အနက်ကား။ ။သကာသတျာနုရူပံ။ ဂုဏ်ဟုဆိုအပ်သော သဘောတရား၏ သတ္တိအားလျော်စွာ။ ပဋိပဋ္ဌာ... နောက်ကာလ၌။ ဥပဋ္ဌာနံ။ အမှုအရေအာကာရဟု ဆိုအပ်သောဗျုပ္ပတ္တိ ရှုပ်၏ ထင်ခြင်းတည်း။ ပစ္စုပဋ္ဌာနံ။ ထင်ခြင်း။ ။ဤသို့ပြအပ်ခဲ့သည်တို့ကိုအထပ်ထပ်ကြည့်ရှုမှတ်သားကြပါကုန်။ ။

---

ပြီး၏။

pdf creator - Wanna Soe